စိတ်ကူးချိုချိုအနုပညာ
mgyoe.com

# မရှိမဖြစ် အင်္ဂလိပ်အသွေးအကျွရာများ

# Essential Activator B

စိုးမြင့်

mgyoe.com

ဒုတိယအကြိမ်

# FOUR SKILLS IN ENGLISH

## Listening, Speaking, Reading, Writing

## ဘယ်ဟာ အခက်ဆုံးလဲ

**အင်္ဂလိပ်စာကို ဒုတိယဘာသာစကားအဖြစ်**
**သင်ယူသူတစ်ယောက်အတွက်**
**အင်္ဂလိပ်စာ အစာန်အသင့်တစ်ရင်**

**Listening** – သူများပြောတာကို လိုရင်းလောက်တော့ နားလည်အောင် နားထောင်လို့ ရပြီ။

**Speaking** – ကိုယ်က ပြန်ပြောဖို့က အဲဒီထက် ပိုခက်တယ်။

**Reading** – ဖတ်ဖို့က သာခက်တယ်။

**Writing** – ရေးဖို့ကတော့ အခက်ဆုံးဖြစ်တယ်။

သည်စာအုပ်တွဲ ၃ တွဲက
"နားထောင်"၊ "ပြောဆို"၊ "ဖတ်ရှုတ်"၊ "ရေးသိ"
ဒီလေးလီအနက် အခက်ဆုံး
Writing အဆင့်အထိရောက်အောင်
အမြန်ဆုံး ပို့ဆောင်ပေးမယ်။

Vocabulary ဝေါဟာရစကားလုံးတွေ
ကြွယ်ဝလာစေပြီး အတွေးကို
နည်းအမျိုးမျိုးနဲ့ အကွဲရာတင်နိုင်စွမ်း
ရှိလာစေမယ်။

ISBN 9789997113771
USM10
9 789997 113771
2,000.00KS

မရှိမဖြစ်အင်္ဂလိပ်အတွေးအကျွရာများ - B၊ စိုးမြိုင်
မျက်နှာဖုံးဒီဇိုင်း - နိုင်ခွန်အား
စာမျက်နှာ ၂၃၈ မျက်နှာ၊ ၁၆ စင်တီ× ၁၈·၅စင်တီ

ဆရာကြီးဦးစိုးမြိုင်၏ စာမူစာအုပ်များအားလုံးမူပိုင် - စိတ်ကူးချိုချို

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ အောက်တိုဘာလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၀၅ ဆုစာပေ၏ ပထမအကြိမ်မူ၊

ရောင်းဈေး ၂၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

mgyoe.com

■■■■■■■■■■

# မရှိမဖြစ်
# အင်္ဂလိပ်အတွေးအကွရာများ
# ESSENTIAL ACTIVATOR
# -B-

စိုးမြိုင်

ဒုတိယအကြိမ်၊ ၂၀၁၇

mgyoe.com

mgyoe.com

## ဆရာကြီး ဦးစိုးမြိုင်၏
## အင်္ဂလိပ်စာလေ့လာသင်ယူရေး စာအုပ်ကောင်းများ

၁။ အမြဲတေအင်္ဂလိပ်အီဒီယမ်များ
၂။ ကိုယ်ပိုင်ပြောအင်္ဂလိပ်စကား
၃။ အင်္ဂလိပ်စကားပြောနည်း – ၉၀၀ (CD ပါ)
၄။ အနှစ်ချုပ်အင်္ဂလိပ်သဒ္ဒါ
၅။ လက်တွေ့အင်္ဂလိပ်သဒ္ဒါ
၆။ မိသားစုအယ်ဘန် U.S.A (ပေါင်းချုပ်)
၇။ မရှိမဖြစ် အင်္ဂလိပ်အတွေးအကွရာများ A
၈။ မရှိမဖြစ် အင်္ဂလိပ်အတွေးအကွရာများ B
၉။ မရှိမဖြစ် အင်္ဂလိပ်အတွေးအကွရာများ C
၁၀။ ဝိဘတ်နှင့်တွဲသော အင်္ဂလိပ်စာအသုံးအနှုန်းများ
၁၁။ အမေရိကန်အီဒီယမ်
၁၂။ ပုပ္ပါးမှာတစ်ခါကြုံတယ်
(မြန်မာမှ အင်္ဂလိပ်ဘာသာပြန်လေ့လာချက်)

---

စိတ်ကူးချိုချိုစာအုပ်တိုက်မှ ဆက်တိုက် ပြန်လည်ထွက်ရှိလာပါမည်။

mgyoe.com

mgyoe.com

# စာရေးသူ၏ အမှာစာ

ဤစာအုပ်တွင် ဖော်ပြထားသော အသုံးအနှုန်းများသည် စာဖတ်သူကို အင်္ဂလိပ်စာပေနှင့်ပတ်သက်၍ ပိုမိုတွေးခေါ်လာစေမည်ဖြစ်သည်။ အတွေးများ၊ စိတ်ကူးများကို စကားလုံးအဖြစ် ပြောင်းလဲအကွရာတင်ရာ၌ မူလကထက်ပိုမို၍ ထိထိမိမိရှိလာစေမည်။ ပီပြင်ပေါ်လွင်လာစေမည်။

ရေးသားပြောဆိုတင်ပြလိုသည့်အချက်ကို နည်းအမျိုးမျိုးဖြင့် ဖော်ပြနိုင်စွမ်းရှိလာစေမည်။ စာဖတ်သူ၏ အင်္ဂလိပ်စာပေဘာသာ အရေးစွမ်းရည်ကို ဆတက်ထမ်းပိုးတိုး၍ တင့်တယ်ဝေဆာလာစေမည်။ အပြောစွမ်းရည်ကို ကျစ်လျစ်ထက်မြက်လာစေမည်။ တစ်ခါလာ မဲပြာပုဆိုးမဟုတ်ဘဲ ရေးလိုပြောလိုသမျှကို နည်းအမျိုးမျိုးဖြင့် သစ်သစ်လွင်လွင် ပြောနိုင် ရေးနိုင်စေပြီး အရည်အချင်းကို မကြွားစဖူး ပြောင်ပြောင်မြောက်မြောက် ထုတ်ဖော်လာနိုင်စေမည်။ နိုင်ငံရပ်ခြား စာမေးပွဲများ၊ ပြည်သူ့ဝန်ထမ်းရွေးချယ်ရေးစာမေးပွဲများ၊ အဆင့်မြင့်ပညာရေး အတန်းစာမေးပွဲများကို အမှတ်ကောင်းကောင်းဖြင့် အောင်မြင်အောင် ဖြေဆိုလာနိုင်စေမည်။

မိမိ၏ဝါကျ လှလှပပ သားသားနားနားဖြစ်အောင် မည်သည့်စာပေ၌မဆို ရေးလိုပြောလိုသည့် အကြောင်းအရာတစ်ရပ်ကို ပထမဝေါဟာရ၊ ဒုတိယဝေါဟာရ၊ တတိယဝေါဟာရ စသည်ဖြင့် မည်သည့် ဝေါဟာရစကားလုံးကို သုံးရပါ့မလဲဟု တွေးခေါ်ရသော အခြေအနေမျိုးနှင့် ရင်ဆိုင်တိုးရတတ်ပါ၏။

mgyoe.com

mgyoe.com

စိတ်သန္တာန်တွင် ဖွဲဆော်ဦး လှုပ်ပြက်သည့်ပမာ လင်းလက်လာသော ရှောင်တခင်အတွေးကို ဘဝင်မကျ အားမရသည့်အဖြစ်နှင့် စာရေးသူများ တွေ့ကြုံခံစားရလေ့ရှိသည်။ ဒုတိယဘာသာစကားဖြစ်သော အင်္ဂလိပ်စာရေးရာမှာ ကျွန်တော်တို့ မြန်မာများ ပိုမိုကြုံတွေ့ရပါသည်။

အထူးသဖြင့် မိမိဝါကျဖွဲ့ထုံးများနှင့် ဝေါဟာရစကားလုံးများ ရွေးချယ်ရာဝယ် ဇီဇာကြောင် **'ချေးများ'** သူတို့သည် သည်အဖြစ်မျိုးနှင့် တိုးရတတ်၏။ ကိုယ့်ကိုယ်ကိုယ်အားမလိုအားမရဖြစ်မိသည်။ ဒေါသဖြစ်မိသည်။ စာရေးရပ်ပြီးတွေးသည်။ စာရေးစားပွဲမှထ၍ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ပြီး တွေးသည်။

အင်္ဂလိပ်စာပေ၌ antonym (ဆန့်ကျင်ဘက်စကားလုံး)၊ homonym (သံတူကြောင်းကွဲစကားလုံး)၊ synonym (ကြောင်းတူသံကွဲစကားလုံး) ဟူ၍ အဓိကအားဖြင့် "နင်မ်" သုံးမျိုးရှိရာ အဓိပ္ပာယ်တူ၍ အသံထွက်ကွဲသော ဝေါဟာရစကားလုံးများ (ဝါ) synonym များကို ဥပမာ အသုံးအနှုန်းများ ဝေဝေဆာဆာဖြင့် ဤစာအုပ်ထဲတွင် ရှင်းလင်းတင်ပြထား၏။

ကိုးကားကျမ်းများ၊ အသုံးအနှုန်းကျမ်းများကို တစ်အုပ်ပြီးတစ်အုပ် လှန်လှောကြည့်ရပြန်သည်။ ဘာကြောင့်ဆို–ကိုယ်ရယူလိုသော အဓိပ္ပာယ်အတွက် အကောင်းဆုံးဝေါဟာရစကားလုံးအသုံးအနှုန်းကို တွေ့လိုတွေ့ငြားပေါ့။

ကြိုးပမ်းအားထုတ်မှုမှ တင့်ဆုံးလှဦး ရလဒ်ထူးများပွင့်ဖူးလာသည်လည်း ရှိ၏။ ခဲလေသမျှ သဲရေကျ၍ လိုအင်

mgyoe.com

mgyoe.com


မပြည့် ကြိုက်မတွေ့ဘဲ ဖြစ်သမျှနှင့်ရောင့်ရဲလက်ခံလိုက်ရသည်လည်းရှိပါ၏။

## Listening, Speaking, Reading, Writing

လူ့ဘဝသည် အမိဝမ်းမှကျွတ်ခဲ့ပြီးနောက်ဝယ် ဘာသာစာပေ ကျွမ်းကျင်မှု (၄) ရပ်အနက် Listening (နားထောင်ခြင်း) ဖြင့် ဘဝစ၏။ "Our lives begin with listening." ဆိုသည့်အတိုင်း မိခင်ကပြောသည်ကို တစ်လုံးချင်း စတင်နားထောင်ခဲ့ကြရ၏။ ပထမအဆင့်။ ထို့နောက်မှ ကလေးက ပြန်လည်၍ ပဲ့တင်ထပ် သံယောင်လိုက်ပြောကြား၏။ ဤကား Speaking ဒုတိယအဆင့်။

Reading က တတိယနေရာယူသည်။ ''ကကြီး'' ''ခခွေး'' ''ဂငယ်'' စသည်ဖြင့် ဖတ်တတ်လာ၏။ Writing က Four Skills တွင် အခက်ဆုံးဖြစ်သည်။ စတုတ္ထအဆင့်။ နောက်ဆုံးမှ ကလေးသည် အက္ခရာတို့ကို ရေးတတ်လာသည်။

အင်္ဂလိပ်ဘာသာစာပေကို လေ့လာကြကုန်သောသူများအတွက်လည်း ကျွမ်းကျင်မှု (၄) ရပ်၌ ''ရေးခြင်း'' သည် အခက်အခဲဆုံးဖြစ်၏။ စာဖတ်သူအား အင်္ဂလိပ်စာကို အဆင့်မြင့်မြင့် မှန်မှန်ကန်ကန် ချောချောမွေ့မွေ့ ရေးသားလာနိုင်သည်အထိ ဤစာအုပ်က တာဝန်ယူ ရည်ရွယ်ဦးတည်ထားကြောင်း ဖတ်ရှုလေ့လာရင်း နားလည်သဘောပေါက်လာမည်ဖြစ်ပါသည်။ **အတွေးသစ်ဂျာနယ်** ၌ ''မရှိမဖြစ် အင်္ဂလိပ်အတွေးအက္ခရာများ'' အင်္ဂလိပ်စာ ပညာပေးဆောင်းပါးများကို အပတ်စဉ်ရေးသားလျက်ရှိရာ "B" အက္ခရာပြီးဆုံးသွား

mgyoe.com

mgyoe.com


သည့်နှင့် ဆောင်းပါးများကို စုစည်း၍ ထုတ်ဝေလိုက်ခြင်း ဖြစ်ပါသည်။ "A" ဝေါဟာရစကားလုံးများအတွက် အစအဆုံး ပထမအုပ်ကို ထုတ်ဝေပြီးဖြစ်၏။ ''အတွေးသစ်'' တွင် ဆက်လက်ပါရှိသော ဆောင်းပါးများကိုလည်း အက္ခရာစဉ်အလိုက် ဆက်လက် ထုတ်ဝေသွားပါမည်။

တစ်အုပ်ချင်း၌ ဆိုင်ရာအက္ခရာ၏ အဓိပ္ပာယ် အသုံးအနှုန်းများ ပြီးပြတ်ပြည့်စုံစွာပါရှိ၍ နောက်တစ်အုပ်သို့ မကူးဆက်သဖြင့် တစ်အုပ်ချင်း သီးခြားဖတ်ရှုလေ့လာနိုင်ပါသည်။

ယခုအခါ ဘာသာပြန်အတတ်ကို စိတ်ဝင်စားသူများ ပိုမိုတိုးတက် များပြားလာကြောင်း တွေ့ရသည်။ အထူးသဖြင့် လူငယ်လူလတ်များ ဖြစ်ကြသည်။ သူတို့သည် ''ဘာသာပြန်သည်'' ဆိုသောစကား၏ အဓိပ္ပာယ်ကိုလည်း ကောင်းစွာ သဘောပေါက်လာကြသည်။

အင်္ဂလိပ်စာ တစ်ကြောင်း၊ တစ်ပိုဒ်၊ တစ်အုပ်ကို ဖတ်ရှုသည့်အခါ မြန်မာလို လုံးဝစဉ်းစားရန်မလိုသကဲ့သို့ အင်္ဂလိပ်လိုရေးသည့် ပြောသည့်အခါမှာလည်း မြန်မာလို စဉ်းစားရန်မလို၊ မိမိဖတ်သောအင်္ဂလိပ်စာကို အင်္ဂလိပ်လိုသာ သဘောပေါက်ရန် ကြိုးပမ်းရမည်ဖြစ်ကြောင်း၊ ထို့နည်းတူ မိမိက အင်္ဂလိပ်စာ ရေးသားသောအခါမှာလည်း မြန်မာလို မစဉ်းစားဘဲ အင်္ဂလိပ်လိုသာ တန်းစဉ်းစားရမည်ဖြစ်ကြောင်း ဖြင့် မှတ်ယူကြသည့် အယူတိမ်း၍ ''နတ်စိမ်း'' ဖြစ်နေကြသော လူသိုက်ထဲတွင် သူတို့မပါဝင်ကြပါချေ။ အထက်ပါ အတိုင်းခံယူသော ပုဂ္ဂိုလ်တို့သည် အင်္ဂလိပ်ဘာသာစာပေကို ရော မြန်မာဘာသာစာပေကိုပါ အနုစိတ်အဆင့်မြင့် မတတ်

mgyoe.com

mgyoe.com
ကျွမ်းသူများသာ ဖြစ်ကြသည်။ ထိုသို့ ကြွေးကြော်မှ ဂုဏ်ရှိ ခေတ်မီသည်ထင်ပြီး **'အော်'** နေသူ များသာဖြစ်သည်။

ဘာသာစာပေတစ်ရပ်ကို လေ့လာရာ၌ (၁) ပထမ ဘာသာစကားအဖြစ်လား၊ (၂) ဒုတိယဘာသာစကားအဖြစ် လား ဆိုသည်ကို ခွဲခြားသိရှိရန်လိုအပ်သည်။ အင်္ဂလိပ်၊ အမေရိကန် တစ်ယောက်က အင်္ဂလိပ်စာပေကို လေ့လာပုံ နည်းနာနိဿယနှင့် ကျွန်တော်တို့မြန်မာများက အင်္ဂလိပ် စာပေကို လေ့လာပုံ နည်းနာနိဿယသည် ကောင်းစွာခြားနား ၏။ လုံးဝဥဿုံမတူပေ။

အင်္ဂလိပ်၊ အမေရိကန် တစ်ယောက်က အင်္ဂလိပ်စာကို ပထမဘာသာစာပေအဖြစ် လေ့လာရသည်ဖြစ်၍ အင်္ဂလိပ်စာ တစ်ကြောင်း၊ တစ်ပိုဒ်၊ တစ်အုပ်ကို ဖတ်သောအခါ ထိုစာက ဘာပြောသည်။ ဘာဆိုလိုသည် (ဝါ) မိမိဘယ်လို နားလည် သည်ကို အင်္ဂလိပ်လိုသာ စဉ်းစားရမည်မှာမလွဲ။ တခြားဘာသာ စကားကို ထိုသူမတတ်သဖြင့် အင်္ဂလိပ်စာရေးသောအခါတွင် လည်း အင်္ဂလိပ်လိုသာတွေးပြီး ရေးရမည်ဖြစ်၏။ ကျွန်တော်တို့ ကတော့ မြန်မာမိဘများမှ ပေါက်ဖွားလာသော မြန်မာများ ဖြစ်ကြသည်နှင့်အညီ အင်္ဂလိပ်စာသည် ကျွန်တော်တို့၏ ဒုတိယ ဘာသာစကားဖြစ်သောကြောင့် သဘာဝအတိုင်း မြန်မာလိုသာ စဉ်းစားမည်ဖြစ်၏။ မြန်မာလိုသာ တွေးမည်ဖြစ်၏။

ပြီးတော့မှ မြန်မာ့အတွေးကို **အင်္ဂလိပ်နည်းဖြင့် ပြောမည်။ အင်္ဂလိပ်နည်းဖြင့်ရေးမည်။** မြန်မာဝါကျဖွဲ့ထုံး အတိုင်း စကားလုံးတွေကို အစီအစဉ်ချလို့မဖြစ်။ ဥပမာ "လထဲ က အဘိုးအို" ဆိုသည့် မြန်မာ့အတွေး ပေါ်လာပြီဆိုပါတော့။
mgyoe.com

mgyoe.com



အဲဒီအတိုင်း ထပ်တူ "in the moon the old man" ဟု ပြောရ ရေးရမည်ဟု တင်ပြနေခြင်းမဟုတ်ကြောင်း အလေးအနက်သဘောပေါက်စေလိုပါသည်။ မြန်မာက မြန်မာနည်း၊ အင်္ဂလိပ်က အင်္ဂလိပ်နည်းဖြစ်သည်နှင့်အညီ "the old man in the moon" ဟူ၍ စကားလုံးအစီအစဉ် ရှေ့နောက်ပြောင်းသွားမည်ဖြစ်သည်။

ဆက်လက်၍ အကျယ်သဘောပေါက်နိုင်ပါပြီ။ စာရေးပြီးပြောပြနေရလို့သာ ကြာသလိုဖြစ်နေသည်။ လက်တွေ့လေ့ကျင့်၍ တတ်ကျွမ်းသွားသောအခါ လျှပ်စစ်မီးခလုတ်ကို နှိပ်လိုက်သည်နှင့်တစ်ပြိုင်နက် လျှပ်စစ်မီးလုံးလင်းလာသလို လျင်မြန်လှသည်။

မိမိ၏စိတ်က ''တွေး'' လို့မှ တွေးလိုက်မှန်းမသိ။ မစဉ်းစားဘဲ နှုတ်မှ သို့မဟုတ် လက်မှ ''အော်တို မက်တစ်'' ထွက်သွားသည်ဟုပင် ထင်ဖွယ်ရှိသည်။

တကယ်တော့ ရုပ်သည် စိတ်ကမခိုင်းစေဘဲ လှုပ်ရှားလုပ်ဆောင်သည်မဟုတ်။ ဒါကို တချို့က ''ငါတို့တော့ အင်္ဂလိပ်စကား ပြော/ရေးတဲ့အခါ စဉ်းစားမနေပါဘူး။ နှုတ်/လက်က အလိုလိုထွက်သွားတာပဲ'' ဟု ပြောတတ်ကြသည်။ မြန်မာလိုမစဉ်းစားရန် ဟန့်တားတတ်ကြသည်။ မြန်မာလို စဉ်းစားသည့်အတွက် အင်္ဂလိပ်စာအရေး၊ အပြောမှားကုန်ကြောင်း ဩဝါဒပေးတတ်ကြသည်။

ထိုစကားမှန်ပါက အင်္ဂလိပ်လူမျိုးတွေမှန်သမျှ အင်္ဂလိပ်စကားပြောတိုင်း ရေးတိုင်း မှန်ရမည်။ **သူတို့သည် အင်္ဂလိပ်လိုသာတွေးပြီး ပြောကြ ရေးကြသည်မှာ သေချာသည်။**

mgyoe.com

mgyoe.com

လက်တွေ့၌ စာတတ်ပေတတ် အင်္ဂလိပ်သာလျှင် အင်္ဂလိပ် စကားပြောရာ၊ အင်္ဂလိပ်စာရေးရာမှာ မှန်ကန်ကြပါ၏။ စာမတတ်သော အင်္ဂလိပ်များ စကားပြောရာ၊ စာရေးရာမှာ အဆင့်အတန်းမြင့်မြင့် မှန်မှန်ကန်ကန် ရေးနိုင်ပြောနိုင်ခြင်း မရှိကြပေ။

လိုရင်းချုပ်ရလျှင် မြန်မာတစ်ယောက် အင်္ဂလိပ် စကားပြောရာ ရေးရာမှာ လွဲမှားခြင်းသည် မြန်မာလို တွေး သောကြောင့်မဟုတ်။ မြန်မာဝါကျတည်ဆောက်နည်းနှင့် မတူသည့် အင်္ဂလိပ်ဝါကျရေးနည်းပြောနည်းနှင့် အသုံးအနှုန်း များကို မသိသောကြောင့်သာဖြစ်သည်။

ခေတ်သစ် အင်္ဂလိပ်ဘာသာစာပေ၏ အထင်ရှား၊ အကျော်ကြားဆုံးဆရာကြီးဖြစ်သူ A.S.HORNBY ကလည်း အုပ်တွဲများနှင့် ရေးသားထုတ်ဝေသော သူ၏ THE TEACHING OF STRUCTURAL WORDS AND SENTENCE PATTERNS စာအုပ်များထဲတွင် အင်္ဂလိပ်စာ အင်္ဂလိပ်စကား ရေးနည်းပြောနည်းများကို အထူးအလေးအနက်ထားပြီး သင်ကြားပို့ချသည်။ အနုစိတ် အသေးစိတ်ရှင်းပြသည်။ အင်္ဂလိပ်စာသင်ကြားပို့ချသူများအား ရှင်းလင်းချက် (EXPLANATION) ပေးသည့်အပိုင်းများတွင် မိမိတို့၏ တိုင်းရင်း ဘာသာ စကား (ဝါ) ပထမဘာသာစကားကို အသုံးပြုလျက် တပည့်များ ကို သင်ကြား ပို့ချရန်ပင် ဆရာကြီးဟွန်ဘီက အားပေးသည်။

ဆိုလိုသည်မှာ မြန်မာများကို အင်္ဂလိပ်စာသင်ကြားပေး သောအခါမှာ ရှင်းပြသည့်အပိုင်းတွင် အင်္ဂလိပ်လိုရှင်းပြနေခြင်း ထက် မြန်မာလိုရှင်းပြခြင်းက ပိုမိုထိရောက် လျင်မြန်သည်။

mgyoe.com

mgyoe.com

ကျွန်တော်သည် ၁၉၅၃ ခုမှစ၍၊ ယခုအထိ မြန်မာများကို အင်္ဂလိပ်စာသင်ကြားပြသလျက်ရှိရာ အတွေ့အကြုံ အနှစ် (၅၀) ကျော်ပြီဖြစ်သည်။ ဆရာကြီး ဟွန်ဘီ၏စကား မှန်ကန်လှကြောင်း ဝမ်းမြောက်ဖွယ်လက်တွေ့သိရှိရပါသည်။

ကျွန်တော်သည် အင်္ဂလိပ်စာအုပ်ပေါင်း အမြောက်အမြားကိုလည်း ၁၉၆၃ ခုမှစ၍ ထုတ်ဝေပြီးဖြစ်သည့်အလျောက် လူငယ်လူလတ်တပည့်ပေါင်းများစွာတို့က ဘာသာပြန်သင်တန်းများ စီစဉ်ပို့ချရန် တိုက်တွန်းကြပါသည်။ အသက်အရွယ်အရ ဘာသာပြန်သင်တန်းများကိုပါ ဖွင့်လှစ်သင်ကြားပို့ချနိုင်လောက်အောင် အပင်ပန်းခံနိုင်စွမ်းမရှိတော့ပါကြောင်း စိတ်မကောင်းစွာ အသိပေးလိုပါသည်။

ထိုပုဂ္ဂိုလ်များအား ကျွန်တော်၏ ဤ **“မရှိမဖြစ် အင်္ဂလိပ်အတွေး အကွာရာများ”** စာအုပ်နှင့် အခြားထွက်ပြီးစာအုပ် ထွက်အံ့စာအုပ်များကို အင်္ဂလိပ်စာတစ်ကြောင်း၊ မြန်မာစာတစ်ကြောင်း တိုက်ကြည့်ကာ ကျားကုတ်ကျားခဲ အချိန်ယူလေ့လာပါက ဘာသာပြန်အတတ်ပညာကို နားလည်သဘောပေါက်နိုင်ပါကြောင်း အကြံပြုအပ်ပါသည်။


(နိုးမြိုင်)

mgyoe.com

# B

## BABY

### ကလေးငယ်




### 1 a baby

**ကလေးငယ်တစ်ယောက်**

**baby** [ *n* C ] a very young child who has not yet learned to speak or walk: စကားမပြော၊ လမ်းမလျှောက်တတ်သေးသော အလွန်ငယ်သည့် ကလေးငယ်တစ်ယောက်။ *Who will look after the baby when you go back to work?* မင်းအလုပ်ကိုပြန်သွားတဲ့အခါ ကလေးလေးကို ဘယ်သူက ကြည့်မှာလဲ။

**new baby** (= a baby that was born recently) မကြာမီက မွေးဖွားခဲ့သော ကလေးငယ်၊ မွေးကင်းစကလေးငယ်။ *Have you seen Rachel's new baby?* ရာရှယ်(လ်)ရဲ့ မွေးဖွားပြီးစကလေးငယ်လေးကို မင်း တွေ့ပြီးပြီလား။

mgyoe.com

mgyoe.com

**newborn baby** (= a baby that has just been born and is only a few hours old) မ ကြာမီကမှ မွေးဖွားး၍ နာရီအနည်းငယ်မျှသာရှိသေးသော မွေးကင်းစကလေးငယ်။ (new baby ထက် newborn baby က ပိုမိုငယ်သည်။) *The average weight of a newborn baby is about seven pounds.* မွေးဖွားပြီးစကလေးငယ်လေးတစ်ယောက်၏ ပျမ်းမျှ အလေးချိန်သည် ခုနစ်ပေါင်ခန့် ဖြစ်သည်။

**baby boy/girl** နို့စို့သားအရွယ် ယောကျ်ားလေး/မိန်းကလေး၊ *a four-day-old baby boy* လေးရက်သားယောကျ်ားလေးတစ်ယောက်

**baby son/daughter** ကလေးငယ်၊ သားကလေး/သမီးကလေး *Steve and Martha are proud to announce the birth of their baby daughter, Kate Louise.* စတိ(ဗ်)နှင့်မာသာတို့သည် သူတို့၏ သမီးမိန်းကလေး ကိတ်လူစီကို မွေးဖွားကြောင်း ဂုဏ်ယူစွာကြေညာကြသည်။

**unborn baby** (= a baby that is still growing inside its mother) မမွေးဖွားရသေးဘဲ မိခင်၏ ဝမ်းဗိုက်ထဲမှာပင် ရှိကာကြီးထွားနေဆဲ ကလေးငယ် *There are a lot of sounds that an unborn baby can hear.* မိခင်၏ ဝမ်းဗိုက်ထဲမှာရှိဆဲ ကလေးငယ်လေး ကြားသိနိုင်သော အသံဗလံများစွာရှိသည်။

**child** [*n* C] a baby - use this especially in writing or in formal speech: ကလေးငယ်တစ်ယောက်၊ အထူးသဖြင့် စာရေးသားရာမှာနှင့် စည်းစနစ်တကျ စကားပြောရာမှာသုံးပါ။ *They had their first child after ten years of marriage.* သူတို့သည် အိမ်ထောင်ကျပြီးနောက် (၁၀) နှစ်အကြာမှာ ပထမဆုံးသောကလေးကို ရရှိခဲ့သည်။

**unborn child** (= a baby that is still growing inside its mother) မမွေးဖွားရသေးဘဲ မိခင်၏ ဝမ်းဗိုက်ထဲမှာပင်ရှိကာကြီးထွားနေဆဲ ကလေးငယ် *The rubella virus can seriously harm the unborn child.* ဝက်သက်အပျော့စားတစ်မျိုး၏ ဗိုင်းရပ်(စ်)ပိုးသည် မိခင်၏ ဗိုက်ထဲရှိ သန္ဓေသားကို အပြင်းအထန် အန္တရာယ်ပေးနိုင်သည်။

mgyoe.com

mgyoe.com

## 2 to be born

### မွေးဖွားခြင်းခံရရန်

**be born** [passive voice] when a baby is born, it comes out of the mother's body and begins its life: ကလေးတစ်ယောက် မွေးဖွားသောအခါ သူသည် မိခင်၏ ဝမ်းဗိုက်ထဲမှထွက်လာပြီးလျှင် ဘဝကို စတင်လေသည်။ *The baby was born two months early.* ကလေးသည် နှစ်လစောပြီး မွေးဖွားခဲ့သည်။ *Where were you born?* မင်းကို ဘယ်မှာ မွေးဖွားခဲ့သလဲ။

**birth** [*n* C/U] the process of being born, or the time when someone is born: မွေးဖွားခြင်းဖြစ်စဉ်၊ သို့မဟုတ် တစ်စုံတစ်ယောက် မွေးဖွားချိန်။ မွေးဖွားခြင်း

**+ of + ၏** *It's quite common for fathers to be present at the birth of their babies.* သူတို့၏ ကလေးများ မွေးဖွားချိန်တွင် ဖခင်များရှိနေရန်မှာ ဖြစ်ရိုးဖြစ်စဉ် တစ်ရပ်ပင် ဖြစ်လေသည်။

**at birth** (= at the time when a baby is born) ကလေးတစ်ယောက် မွေးဖွားချိန်မှာ၊ မွေးဖွားချိန်၌ *He only weighed 1.5 Kg at birth.* သူသည် မွေးဖွားချိန်တွင် ၁.၅ ကီလိုဂရမ်သာ လေးခဲ့သည်။

**premature** [*adj*] a premature baby is born too early and is often small or weak: မွေးချိန်မကျခင် (ဝါ) လမစေ့ခင်မွေးသော၊ ယင်းကလေးမျိုးသည် သေးငယ်ချည့်နဲ့တတ်သည်။ *Many premature babies have breathing problems.* မွေးချိန်မကျခင် မွေးဖွားသောကလေးများစွာတို့သည် အသက်ရှူရာတွင် ပြဿနာများ ရှိကြသည်။

**three months/ seven weeks etc premature** (= born three months etc before the normal time) ပုံမှန်မွေးဖွားချိန်ထက် သုံးလ၊ ခုနစ်ပတ် စသည်ဖြင့် စော၍ မွေးသည်။ *The baby was six weeks premature.* ကလေးသည် ရက်သတ္တပတ် ၆ ပတ်စောပြီး မွေးဖွားခဲ့သည်။

mgyoe.com

mgyoe.com

## 3 have a baby

**ကလေး မွေးဖွားသည်၊ မီးဖွားသည်၊ မျက်နှာမြင်သည်။**

**have a baby** if a woman **has a baby,** it comes out of her body: အမျိုးသမီးတစ်ယောက်ကလေးရသည်ဟု ဆိုသည်မှာ ကလေးမွေးဖွားသည်ဟု ပြောခြင်းဖြစ်သည်။ (ကိုယ်ဝန်ရှိကြောင်း ပြောခြင်းမဟုတ်။) *Helen had her baby at home.* ဟယ်လင်သည် အိမ်မှာ ကလေးမွေးဖွားခဲ့သည်။

**have a boy/girl** ယောကျ်ားကလေး၊ မိန်းကလေး မွေးဖွားသည်။ *Val had a baby boy at 9 o'clock yesterday evening.* ဗယ်(လ်)သည် မနေ့က ညနေ ၉ နာရီက သားယောကျ်ားကလေးကို မွေးဖွားခဲ့သည်။

**have twins** (= have twins at the same time) ကလေးနှစ်ယောက်ကို တစ်ပြိုင်နက်တည်း မွေးဖွားသည်။ အမြွှာပူးမွေးဖွားသည်။

**give birth /** if a woman **gives birth,** a baby comes out of her body: အမျိုးသမီးတစ်ယောက် မီးဖွားသည်ဆိုခြင်းမှာလည်း ကလေးမွေးဖွားသည်ဟု ပြောခြင်းပင်ဖြစ်သည်။ *An Italian woman has given birth at the age of 61.* အီတလီအမျိုးသမီးတစ်ယောက်သည် အသက် ၆၁ နှစ်တွင် ကလေးမွေးဖွားခဲ့သည်။

**give birth to a boy/girl/son/daughter** ယောကျ်ားလေး၊ မိန်းကလေး၊ သား၊ သမီး မွေးဖွားသည်။ *Your wife has given birth to a lovely baby boy.* သင်၏ဇနီးသည် ချစ်စရာကောင်းသော သားယောကျ်ားကလေးကို မွေးဖွားပြီးပြီ။

> ⚠ **give birth** is more formal than **have a baby,** and is not often used in conversation.

give birth က have a baby ထက် ပိုမိုစည်းကမ်းစနစ် အတိုင်း သုံးပုံမျိုးဖြစ်၍ စကားပြောတွင် သုံးလေ့မရှိ။

mgyoe.com

mgyoe.com

**childbirth** [*n* U] the process during which a baby is coming out of its mother's body: ကလေးမွေးဖွားခြင်း ဖြစ်စဉ် *drugs that ease the pain of childbirth* ကလေးမွေးဖွားစဉ်ခံစားရသော နာကျင်မှုကို သက်သာစေသည့်ဆေးဝါးများ

**natural childbirth** ( = without drug, medical operations etc) ဆေးဝါးများ၊ ခွဲစိတ်မှု စသည်တို့ မပါရှိဘဲ သဘာဝ အတိုင်း ကလေးမွေးဖွားခြင်း

**in labour** BRITISH **in labor** AMERICAN [*adj* phrase] a woman is **in labour** during the hours when her baby is being born: ကလေးမွေးဖွားနေစဉ် အချိန်အတွင်း၌ အမျိုးသမီးတစ်ယောက် ခံစားရသော ဒုက္ခ၊ အာဝေဏိကဒုက္ခ ငါးပါးအနက်မှ သားဖွားရခြင်းဒုက္ခ *She was in labour for over 16 hours with her first child.* သူမသည် သူမ၏ သားဦးမွေးဖွားရာတွင် ၁၆ နာရီကျော်ကြာအောင် ဒုက္ခခံစားခဲ့ရသည်။

**go into labour** (= when labour starts) သားဖွားရန် စတင်ဝမ်းနာလာသည်။

*Anna was at work when she went into labour.* အင်နာ ဗိုက်နာလာသောအခါ လုပ်ငန်းခွင်မှာ သူမရှိခဲ့သည်။ (တစ်နည်း → လုပ်ငန်းခွင်မှာ ရှိနေခိုက် သားဖွားရန် ဗိုက်နာလာခဲ့သည်။)

## 4 going to have a baby
## ကိုယ်ဝန်ရှိလာသည်

**pregnant** *[adj]* **a pregnant** woman has a baby growing inside her body: ကိုယ်ဝန်ရှိသော အမျိုးသမီးတစ်ယောက်၏ ဝမ်းဗိုက်ထဲတွင် သန္ဓေသားသည် ကြီးထွားလာသည်။ ကိုယ်ဝန်ရှိသော *Have you heard that Liz is pregnant?* လစ်(ဇ်)ကိုယ်ဝန်ရှိနေတယ်ဆိုတာ မင်းကြားပြီး ပြီလား။

**get pregnant**(= become pregnant) ကိုယ်ဝန်ရှိလာသည်။ *She got pregnant while she was only 15.* သူမသည် ၁၅ နှစ်မှာ ကိုယ်ဝန်ရှိလာခဲ့သည်။


mgyoe.com

mgyoe.com

**twelve weeks/ eight months etc pregnant** ကိုယ်ဝန် ၁၂ ပတ်/ ၈ လ/ စသည်ဖြင့် ရှိသော *Helen's three months pregnant.* ဟယ်လင်သည် ကိုယ်ဝန် ၃ လရှိသည်။

**be going to have a baby** ESPECIALLY SPOKEN to have a baby growing inside the body: ကိုယ်ဝန်ရှိသည်။ *I've got something to tell you all: I'm going to have a baby!* ငါ မင်းကို ပြောပြစရာရှိတယ်။ ငါ ကလေးရတော့မယ်။

> ⚠ Use **be going to have a baby** especially when you are telling someone for the first time that you or someone else is going to have a baby.

သင်သို့မဟုတ် အခြားတစ်စုံတစ်ယောက် ကိုယ်ဝန်ရှိကြောင်းကို ပထမဆုံးအကြိမ် ပြောပြသောအခါမှာသာ ဤအသုံးအနှုန်းကိုသုံးပါ။

**pregnancy** [*n* C/U] the time when a woman has a baby growing inside her body: အမျိုးသမီးတစ်ယောက်၏ ဝမ်းဗိုက်အတွင်း၌ သန္ဓေသားတည်ရှိလာခြင်း၊ ကိုယ်ဝန်ရှိလာခြင်း *an increase in the number of teenage pregnancies* ဆယ်ကျော်သက်များ ကိုယ်ဝန်ရှိမှု အရေအတွက် တိုးပွားများပြားလာခြင်း *This drug should not be taken during pregnancy.* ဤဆေးကို ကိုယ်ဝန်ရှိနေစဉ်အတွင်း မသောက်သုံးသင့်။

**maternity** [*adj* only before noun] intended or designed for women who are going to have babies: ကိုယ်ဝန်ရှိနေသော သို့မဟုတ် ကလေးရတော့မည်ဖြစ်သော အမျိုးသမီးများအတွက် ရည်ရွယ် သော၊ သို့မဟုတ် ပုံစံထုတ် ဖန်တီးထားသော

**maternity hospital/ ward/unit** (= a hospital or part of a hospital where women go to have their babies) ဆေးရုံတစ်ရုံ သို့မဟုတ် ဆေးရုံ၏ အစိတ်အပိုင်းတစ်ရပ်၊ အဆောင်တစ်ခုဖြစ်ပြီး ယင်း၌ အမျိုးသမီးများ တက်ရောက် သားဖွားကြသည်။


mgyoe.com

mgyee.com

**maternity clothes** ( = clothes specially designed for women who are going to have babies) ကိုယ်ဝန်ဆောင်အမျိုးသမီးများ ဝတ်ဆင်ရန်အတွက် သီးသန့်စီမံ ထားသော အဝတ်အစား၊ ဗိုက်ဖုံးအင်္ကျီ

**maternity leave** ( = the period of time that a mother is allowed to spend away from work when she has a baby) ကလေးမျက်နှာမြင်ရန်အတွက် အလုပ်မှ အားလပ်ခွင့်ရရှိသော ခွင့်ရက်များ၊ သားဖွားဖို့ရရှိသော ခွင့်ရက်များ

## 5 when the baby is not born alive

### ကလေးအရှင်မမွေးသောအခါ၊ ကလေး (သို့မဟုတ်) ကိုယ်ဝန်ပျက်ကျသောအခါ

**have a miscarriage** if a woman has a miscarriage, the baby is born dead and is only partly developed: အမျိုးသမီးတစ်ယောက် ကိုယ်ဝန်ပျက်ကျသည်ဆိုလျှင် ကလေးအသေကို မွေးဖွားရုံမက ယင်းကလေးမှာလည်း အပြည့်အဝ ကိုယ်အင်္ဂါ အစိတ်အပိုင်းများ ဖွံ့ဖြိုးပြည့်စုံခြင်း မရှိသေး။ *She was pregnant during her first marriage but had a miscarriage.* သူမသည် ပထမအိမ်ထောင်သက်တမ်းအတွင်းက ကိုယ်ဝန်ရှိခဲ့သည်။ သို့သော် ကိုယ်ဝန်ပျက်ခဲ့သည်။

**lose the baby** if a woman loses a baby, it dies before it is born: အမျိုးသမီးတစ်ယောက် ကလေးပျက်သည်ဆိုခြင်းမှာ မွေးဖွားချိန်မတိုင်မီ အမိဝမ်းထဲတွင် ကလေး သေဆုံးသွားခြင်းဖြစ်သည်။ ကိုယ်ဝန်ပျက်သည်။ *Patricia lost the baby after six months.* ပက်ထရီရှာသည် ၆ လ အကြာ၌ ကိုယ်ဝန်ပျက်ခဲ့သည်။

**abortion** [*n* C/U] when a woman has a medical operation to remove a baby that is developing inside her, before the baby is ready to be born: သန္ဓေသား မွေးဖွားရန်အတွက် အဆင်သင့်မဖြစ်မီ ခွဲစိတ်၍ဖြစ်စေ၊ (အခြားတစ်နည်းနည်းဖြင့်ဖြစ်စေ) ထိုကြီးထွားဖွံ့ဖြိုးဆဲ သန္ဓေသားကို ဖျက်ချခြင်း၊ ကိုယ်ဝန်ဖျက်ချခြင်း၊ ကလေးဖျက်ချခြင်း

mgyee.com

mgyoe.com

*In Europe there are over 2 million abortions a year.* ဥရောပတိုက်တွင် တစ်နှစ်မှာ ကိုယ်ဝန်ဖျက်ချမှု နှစ်သန်းကျော်ရှိသည်။ *The Catholic Church remains strongly opposed to abortion.* ဘုရင်ကို ခရစ်ယာန်ဘုရားကျောင်းသည် ကိုယ်ဝန်ဖျက်ချခြင်းကိုအပြင်းအထန် ဆက်လက်ဆန့်ကျင်သည်။

**have an abortion** ကိုယ်ဝန်ဖျက်ချသည်။ *She had an abortion when she was only 15.* သူမသည် ၁၅နှစ်မျှအရွယ်တွင် ကိုယ်ဝန်ဖျက်ချခဲ့ရသည်။

## 6 a baby animal
### တိရစ္ဆာန်ငယ်ငယ်လေးတစ်ကောင်

**kitten** [*n* C] a young cat ကြောင်ငယ်လေးတစ်ကောင်
**puppy** [*n* C] a young dog ခွေးငယ်လေးတစ်ကောင်
**lamb** [*n* C] a young sheep သိုးငယ်လေးတစ်ကောင်
**piglet** [*n* C] a young pig ဝက်ငယ်လေးတစ်ကောင်
**calf** [*n* C] a young cow နွားငယ်လေးတစ်ကောင်
**foal** [*n* C] a young horse မြင်းငယ်လေးတစ်ကောင်
**chick** [*n* C] a young bird ကြက်၊ ငှက်ငယ်လေးတစ်ကောင်

**young** [*n* singular/plural] an animal's baby or babies: တိရစ္ဆာန်ငယ်လေးတစ်ကောင်/ များ *The mother bird will stay with her young until they are four weeks old.* အမေငှက်မကြီးသည် သူမ၏ ကလေးငယ်များနှင့် သူတို့ ၄ ပတ်သားအထိ နေလိမ့်မည်။
**baby** [*adj* only before noun] အလွန်ငယ်သော၊ ကလေးလေးဖြစ်သော
**baby rabbit/elephant/monkey etc** a very young animal အလွန်ငယ်သော ယုန်/ဆင်/မျောက် ကလေးစသည် *The baby monkey was following its mother.* မျောက်ငယ်ကလေးသည် သူ့မိခင်၏ နောက်မှ လိုက်ပါနေခဲ့သည်။

mgyoe.com

## 7 how animals and humans produce babies

### တိရစ္ဆာန်များနှင့် လူသားများ သားသမီးများ ပေါက်ဖွားကြပုံ

**breed** (*v* I) if animals **breed,** they produce babies: တိရစ္ဆာန်များ ပေါက်ဖွားသည်ကို breed နှင့်သုံးသည်။ *Rabbits breed very quickly.* ယုန်များသည် အလွန်လျှင်မြန်စွာ ပေါက်ဖွားကြသည်။

**reproduce** (*v* I) FORMAL to produce babies: ကလေးများ ပေါက်ဖွားသည်။ မျိုးဆက်ဖြန့်သည်။ *Fish reproduce by laying eggs.* ငါးများသည် ဥများကိုဥခြင်းအားဖြင့်မျိုးဆက်ဖြန့်သည်။

**reproduction** [*v* I] the process of reproducing babies, young animals, or young plants: ကလေးများ၊ တိရစ္ဆာန်ငယ်များသို့မဟုတ် သစ်ပင်ငယ်များကို မျိုးဆက်ပြန့်ပွားစေမှု ဖြစ်စဉ်။ *Reproduction is the main aim of almost all lifeforms.* မျိုးဆက်ဖြန့်ခြင်းသည် အားလုံးနီးပါးသော ဇီဝရုပ်များ၏ အဓိကရည်ရွယ်ချက်ဖြစ်သည်။

> ⚠ **Reproduce** is used when talking or writing about scientific subjects.

သိပ္ပံဆိုင်ရာအကြောင်းအရာများကို ပြောကြားရေးသားသောအခါတွင် reproduce ကို အသုံးပြုသည်။




mgyoe.com

# BAD

## ဆိုးသော၊ မကောင်းသော

⇒ opposite **GOOD**

ဆန့်ကျင်ဘက် ကောင်းသော




**1 bad films/ books/methods/ plans/ food**

**မကောင်းသော ရုပ်ရှင်/စာအုပ်/နည်းလမ်း/အစီအစဉ်/ အစားအစာများ**

**bad** [*adj*] something that is bad is of a low standard, because

mgyoe.com

it has been done badly, designed badly, performed badly etc: မကောင်းသော တစ်စုံတစ်ခု ဆိုသည်မှာ အဆင့်အတန်းနိမ့်သောအရာတစ်ခုခု ဖြစ်သည်။ ယင်းသို့ဖြစ်သည်မှာ ၎င်းကိုညံ့ဖျင်းစွာ ပြုလုပ်ထား၊ ညံ့ဖျင်းစွာ ပုံစံထုတ်ထား၊ ညံ့ဖျင်းစွာ တင်ပြထား စသည့် အတွက်ကြောင့်ဖြစ်သည်။ *The movie was so bad that we left halfway through.* ကျွန်ုပ်တို့ ထက်ဝက်နှင့် ထပြန်ရသည်အထိ ရုပ်ရှင်သည် ညံ့ဖျင်းခဲ့သည်။ *This is the worst book she's ever written.* ဤစာအုပ်သည် သူမရေးသားခဲ့ သမျှထဲတွင် အညံ့ဆုံး ဖြစ်ခဲ့သည်။ *Opponents of the plan say it is a bad way of managing city traffic.* စီမံချက်ကို ဆန့်ကျင်သူများက ထိုဟာသည် မြို့တော်၏ ယာဉ်များကို ဆိုးရွားသော ထိန်းသိမ်းကွပ်ကဲပုံ တစ်ရပ်ဖြစ်သည်ဟု ပြောသည်။ *In the 1980s, their cars had a bad reputation for reliability.* ၁၉၈၀ ပြည့်လွန်နှစ်များအတွင်းက သူတို့၏ ကားများသည် အားကိုးစိတ်ချရမှုအတွက် ဂုဏ်သတင်းဆိုးရွားခဲ့သည်။

**no good** SPOKEN not good at all လုံးဝမကောင်းသော *I wouldn't go there - the beer's no good.* အဲဒီကို ငါမသွားဘူးကွ။ ဘီယာက လုံးလုံးမကောင်းဘူး။ *The buses only run twice a day, which is no good at all.* ဘတ်(စ်)ကားများသည် တစ်နေ့နှစ်ခေါက်သာပြေး၍ ယင်းအချက်သည် လုံးဝ မကောင်းပေ။ *I've tried that diet, and it's no good.* ငါ အဲဒီအစားအစာကို စမ်းသပ်စားပြီးပြီ။ မကောင်းပါဘူး။

**awful/terrible/appalling** [*adj*] very bad: အလွန်ဆိုးရွားသော *Tony said the food at their hotel was awful.* သူတို့၏ ဟိုတယ်က အစားအသောက်သည် အလွန်ဆိုးရွားခဲ့သည်ဟု တိုနီက ပြောခဲ့သည်။ *What a terrible performance!* ဘယ်လောက် ဆိုးရွားအသုံးမကျတဲ့ တင်ဆက်ပြသမှုလဲ။ *Your handwriting is appalling!* မင်းရဲ့ လက်ရေးက ဆိုးရွားလိုက်တာ။

**garbage** ESPECIALLY AMERICAN **rubbish** BRITISH [*n* U] SPOKEN INFORMAL something that is very bad or very



mgyee.com

stupid, especially things people say or write: အလွန်ဆိုးရွားသော သို့မဟုတ် မိုက်မဲသော၊ အထူးသဖြင့် လူများပြောဆိုရေးသားသော အရာများ *I don't know why you're watching that programme. It's complete garbage.* အဲဒီ (ရုပ်မြင်သံကြား) အစီအစဉ်ကို ဘာကြောင့် မင်းကြည့်နေတာလဲ ငါမသိဘူး။ လုံးဝအသုံးမကျဘူး။ *I've never read such rubbish in my life.* ဒီလောက်အသုံးမကျတာ ငါ့တစ်သက်မှာ မဖတ်ဖူးဘူး။

## 2 products that are badly made or of bad quality

## ဆိုးရွားစွာ ပြုလုပ်ထားသော သို့မဟုတ် အရည်အသွေးညံ့ဖျင်းသော ထုတ်ကုန်ပစ္စည်းများ

***poor quality/ low quality*** အရည်အသွေးညံ့သော၊ အရည်အသွေး နိမ့်သော၊ poor quality products have been made badly. အရည်အသွေးညံ့သော ထုတ်ကုန်ပစ္စည်းများကို ဆိုးရွားစွာ ပြုလုပ်သည်။ *Poor quality housing in Africa often leads to health problems.* အာဖရိကတိုက်က အရည်အသွေးညံ့သော အိုးအိမ်စီမံကိန်းများသည် ကျန်းမာရေးပြဿနာများကို ဖြစ်ပေါ်လေ့ရှိသည်။ *low quality products* အရည်အသွေးညံ့သော ထုတ်ကုန်ပစ္စည်းများ

***be of poor/ low quality*** အရည်အသွေးညံ့သည်။ အရည်အသွေး နိမ့်သည်။ *The cloth is cheap and of low quality.* ပိတ်စသည် ဈေးပေါ၍ အရည်အသွေးနိမ့်သည်။

**badly made** made without care or skill ဂရုစိုက်မှု သို့မဟုတ် ကျွမ်းကျင်မှုမရှိဘဲ ဆိုးရွားစွာ ပြုလုပ်ထားသော *Her clothes looked cheap and made badly.* သူမ၏ အဝတ်အစားများသည် ဈေးပေါ၍ ဆိုးရွားစွာ ချုပ်လုပ်ထားပုံပေါ်ခဲ့သည်။ *Badly made furniture like that doesn't last long.* ထိုကဲ့သို့သော ဆိုးရွားစွာ ပြုလုပ်ထားသည့် အိမ်ထောင်ပရိဘောဂသည် ရေရှည်မခံပေ။

mgyoe.com

**cheap** [*adj*] **cheap** furniture, jewellery, clothes etc look unattractive and badly made, and seem to have been produced using low quality material: ဈေးပေါသော အိမ်ထောင်ပရိဘောဂ၊ ကျောက်မျက်ရတနာ၊ အဝတ်အစားများ စသည်တို့သည် ဆွဲဆောင်မှုမရှိရုံမက ဆိုးရွားစွာလည်း ပြုလုပ်ထားသည့်အပြင် ကုန်ကြမ်းပစ္စည်းအပေါစားများဖြင့် အသုံးပြုထုတ်လုပ်ထားသည်ဟု ထင်ရသည်။ *The room was depressing, with a dim light and cheap furniture.* အခန်းသည် မီးရောင်မှိန်၍ အပေါစားအိမ်ထောင်ပရိဘောဂများနှင့်ဖြစ်ပြီး စိတ်ပျက် ငြီးငွေ့စရာကောင်းခဲ့သည်။ *hungry-looking young men in cheap suits* ဝတ်စုံအပေါစားများနှင့် ဆာလောင်နေပုံပေါ်သော လူငယ်များ

## 3 not very bad, but not very good
## သိပ်လည်းမဆိုး သိပ်လည်းမကောင်း

**not very good** ESPECIALLY SPOKEN not good - use this when you are disappointed because you were expecting something better: သိပ်မကောင်း သော၊ သင်က ပိုမိုကောင်းသောတစ်စုံတစ်ခုကို မျှော်လင့်ထားပြီး အထင်နှင့်အမြင် ကွဲပြားကြောင်း တွေ့ရသဖြင့်စိတ်ပျက်ရင်မောရသော အခါမျိုးတွင် ဤစကားကိုသုံးပါ။ *"What was the movie like?"* "ရုပ်ရှင်က ဘယ်လိုလဲ - ဟေ့" *"Not very good, really."* "တကယ်တော့ သိပ်မကောင်းပါဘူးကွာ" *He's been learning English for five years, but his pronunciation isn't very good.* သူ အင်္ဂလိပ်စာ သင်ယူလေ့လာနေတာ ၅ နှစ်ကြာပြီ။ ဒါပေမဲ့ သူ့အသံထွက်က မကောင်းလှသေးဘူး။

**nothing special** SPOKEN not very bad, but not especially good: အလွန်မဆိုးရွား သို့သော် ထူးထူးခြားခြားလည်းမကောင်း *The town's nice, but the beach is nothing special.* မြို့ကတော့ ကောင်းပါသည်။ သို့သော် ပင်လယ်ကမ်းခြေက ထူးထူးခြားခြား မဟုတ်ပါ။ *Was the food good?* အစားအစာ ကောင်းရဲ့လား *"It was okay, but noth-*

mgyoe.com

*ing special."* အင်း . . . ကောင်းပါတယ်။ ဒါပေမဲ့ ထူးထူးခြားခြားတော့မဟုတ်ဘူး။

**second-rate** [*adj*] not as good as other things of the same kind: မျိုးတူအခြားအရာများကောင်းသလောက် မကောင်းသော၊ ဒုတိယတန်းစားမျှသာ ဖြစ်သော *a second-rate horror movie* ဒုတိယတန်းစား ထိတ်လန့်သည်းဖို ရုပ်ရှင် *It was a pretty awful speech, full of second-rate jokes.* ထိုဟာသည် ဒုတိယတန်းစား ပြက်လုံးများဖြင့် ပြွန်းတီးသော အလွန်အသုံးမကျသည့် မိန့်ခွန်းတစ်ခု ဖြစ်ခဲ့သည်။

**mediocre** [*adj*] something that is **mediocre** is of a lower standard that it should be, and does not show much quality or skill: အဆင့်အတန်းနိမ့်သော တစ်စုံတစ်ခုဆိုသည်မှာ ရှိသင့်သည့်အဆင့်အတန်းတွင် မရှိ၊ ကောင်းသော အရည်အသွေး သို့မဟုတ် ကျွမ်းကျင်မှုကိုလည်း မပြသ *The team gave another mediocre performance last night.* အဖွဲ့သည် နောက်ထပ်အဆင့်အတန်းနိမ့်သော တင်ဆက်ပြသမှုတစ်ခုကို ပြီးခဲ့သည့်ညက တင်ပြသွားခဲ့သည်။ *He was trying to sell his mediocre paintings.* သူသည် သူ၏ အဆင့်အတန်းနိမ့်သော ပန်းချီကားများကို ရောင်းရန် ကြိုးစားနေခဲ့သည်။

## 4 unpleasant events/ experiences/weather
## နှစ်လိုဖွယ်မရှိသော၊ နှစ်သက်စရာမကောင်းသော အဖြစ်အပျက်များ၊ အတွေ့အကြုံများ၊ ရာသီဥတု

**bad** [*adj*] not at all pleasant, enjoyable, or successful: လုံးဝနှစ်လိုဖွယ်မရှိသော၊ ပျော်မွေ့စရာမကောင်းသော သို့မဟုတ် မအောင်မြင်သော *If the weather's bad, we could go to the museum instead.* ရာသီဥတု ဆိုးရွားလျှင် ငါတို့အစီအစဉ်ပြောင်းပြီး ပြတိုက်သို့ သွားနိုင်သည်။ *I'm afraid I have some bad news.* သတင်းဆိုးရလာလို့ ငါ ဝမ်းနည်းပါတယ်။ *bad housing conditions* ဆိုးရွားသော အိမ်ရာစီမံကိန်း အခြေ

mgyoe.com

အနေများ *Terry started shouting at me, which just made things worse.* တယ်ရီက ငါ့ကိုစတင်အော်ဟစ်ခဲ့၍ ယင်းအချက်က အခြေအနေကို ပိုလို့သာ ဆိုးရွားစေခဲ့သည်။

**a bad day/year/time etc (= when a lot of unpleasant things happen)** ဆိုးရွားသောနေ့/နှစ်/အချိန် စသည် (= ထိုအချိန်အခါအတွင်းမှာ မနှစ်မြို့စိတ်ပျက်ဖွယ် ကိစ္စများ အများအပြားဖြစ်ပျက်သည်။) *It had been a bad day, and I just wanted to go home.* ဆိုးရွားသော နေ့တစ်နေ့ ဖြစ်ခဲ့၍ ကျွန်ုပ်သည် အိမ်ပြန်ရန်ကိုသာ အလိုရှိခဲ့သည်။ *The company has a very bad year, and profits have dramatically fallen.* ကုမ္ပဏီသည် အလွန်ဆိုးရွားသော နှစ်ကိုတွေ့ကြုံရပြီး အမြတ်အစွန်းများ မကြုံစဖူး ကျဆင်းခဲ့သည်။

**awful/terrible/horrible** [*adj*] **very bad** အလွန်ဆိုးရွားသော *I just burst into tears in front of everyone.* ငါသည် လူတိုင်း၏ ရှေ့မှောက်တွင် ငိုချခဲ့သည်။ *It was awful!* အလွန်ဆိုးရွားခဲ့တာပဲ။ *That's terrible! Surely they can't just fire you for no reason.* အင်မတန် ယုတ်မာတာပေါ့။ သေချာပါတယ် - သူတို့က မင်းကို အကြောင်းမရှိဘဲ အလုပ်ထုတ်ပစ်လို့တော့ မရနိုင်ပါဘူး။ *She had a horrible nightmare that night.* သူမသည် ကြောက်စရာကောင်းသော အိပ်မက်ဆိုးတစ်ခုကို ထိုညက မြင်မက်ခဲ့သည်။

**unpleasant** [*adj*] **an unpleasant experience is one that you do not like or enjoy at all:** မနှစ်မြို့ဖွယ် အတွေ့အကြုံတစ်ရပ်ဆိုသည်မှာ သင်မကြိုက်မနှစ်သက်သော သို့မဟုတ် လုံးဝမပျော်ရွှင်မခံစားနိုင်သော အတွေ့အကြုံတစ်ရပ် ဖြစ်သည်။ နှစ်သက်စရာ မကောင်းသော *a drug with unpleasant side effects* မနှစ်သက်ဖွယ် ဘေးဆက်ဆိုးကျိုးများ ပေါ်ပေါက်စေသော ဆေးဝါး *The news came as an unpleasant shock.* သတင်းသည် စိတ်ပျက်စဖွယ် ထိတ်လန့်မှုတစ်ရပ်အဖြစ် ထွက်ပေါ် လာခဲ့သည်။ *It has an unpleasant taste and smell.* ထိုဟာတွင် စိတ်ပျက်စဖွယ် အရသာနှင့်အနံ့ရှိသည်။

mgyoe.com

mgyoe.com

**unpleasantly** [*adv*] စိတ်ပျက်စရာကောင်းစွာ *The room was unpleasantly damp.* အခန်းသည် စိတ်ပျက်စရာကောင်းအောင် စွတ်စိုထိုင်းမှိုင်းခဲ့သည်။

**appalling** [*adj*] so bad that you are shocked: သင် အထိတ်တလန့်ဖြစ်ရသည့်အထိ ဆိုးရွားသော *the appalling suffering caused by the civil war* ပြည်တွင်းစစ်က ဖြစ်စေသည့် ဆိုးရွားလှသော ဘေးဒုက္ခ *No ship could leave port in such appalling weather.* မည်သည့်သင်္ဘောမျှ ထိုကဲ့သို့ ဆိုးရွားလှသောရာသီဥတုတွင် ဆိပ်ကမ်းမှ မထွက်နိုင်။

## 5 a bad problem/accident / illness

### ဆိုးရွားသော ပြဿနာ/ မတော်တဆ ထိခိုက်မှု/ နာမကျန်းဖြစ်ခြင်း

**serious** [*adj*] use this about problems, accidents, or illnesses that are very bad, and that people are worried about: အလွန်ဆိုးရွားသော၊ သို့မဟုတ် လူများက သိပ်စိုးရိမ်ကြောင့်ကြဖြစ်ရသော ပြဿနာများ၊ မတော်တဆထိခိုက်မှုများ၊ နာမကျန်းဖြစ်ခြင်းများနှင့်ပတ်သက်၍ သုံးပါ။ အလွန်စိုးရိမ်ထိတ်လန့်စရာကောင်းသော၊ ပြင်းထန်သော *There was a serious accident on the free way.* ပင်မ အဝေးပြေးလမ်းမကြီးပေါ်တွင် ပြင်းထန်ကြီးမားသော ယာဉ်တိုက်ခိုက်မှုကြီးတစ်ခု ဖြစ်ခဲ့သည်။ *serious head injuries* ပြင်းထန်သော ဦးခေါင်းထိခိုက်ဒဏ်ရာရမှုများ *Youth unemployment is a serious problem in Britain.* လူငယ်များ၏ အလုပ်လက်မဲ့ ပြဿနာသည် ဗြိတိန်ပြည်တွင် စိုးရိမ်ထိတ်လန့်စရာ တစ်ခု ဖြစ်ခဲ့သည်။

**seriously** [ *adv*] စိုးရိမ်ထိတ်လန့်စရာ ကောင်းစွာ၊ ပြင်းထန်စွာ *Her father is seriously ill with pneumonia.* သူမ၏ ဖခင်သည် အဆုတ်အအေးမိ အဆုတ်ရောင်နာကို အပြင်းအထန်ခံစားနေရသည်။ *a legal case that seriously damaged her political career* သူမ၏ နိုင်ငံရေးဘဝကို ရစရာမရှိအောင် ဖျက်ဆီးခဲ့သော တရားဥပဒေဆိုင်ရာ အမှုအခင်းတစ်ခု

mgyoe.com

mgyoe.com

**bad** [*adj*] use this about something that causes a lot of pain, worry, or problems: များစွာသောနာကျင်မှု၊ ပူပန်သောက၊ သို့မဟုတ် ပြဿနာများကို ဖြစ်စေသော တစ်စုံတစ်ခုအကြောင်းကို အထူးပြုရာမှာ သုံးပါ။ *a bad car crash* ဆိုးဆိုးရွားရွား ကားမှောက်မှုတစ်ခု *"How are things at home?"* အိမ်မှာ အခြေအနေဘယ်လိုလဲ (ကောင်းရဲ့လား)။ *"Bad"* မဟန်ဘူး။ ဆိုးတယ်။ *It was the worst mistake I ever made.* ငါပြုလုပ်ခဲ့သမျှထဲမှာ အဆိုးရွားဆုံး အမှားတစ်ခုပဲ။

**a bad cold/ headache etc** ဆိုးဆိုးရွားရွား အအေးမိခြင်း/ ခေါင်းကိုက်ခြင်းစသည် *Jane's not at school today - she has a bad headache.* ဂျိန်း ဒီနေ့ကျောင်းမတက်ဘူး။ သူမ ဆိုးဆိုးရွားရွား ခေါင်းကိုက်နေတယ်။ *a bad attack of asthma* ပြင်းပြင်းထန်ထန် ပန်းနာရင်ကျပ်ရောဂါ

**(မှတ်ချက်** ။ ။ asthma ကို 'th' သံထည့်၍ အသံမထွက်ရ။ **az'ma** အက်(ဇ်)မာဟု အသံထွက်ပါ။)

**badly** [*adv*] ဆိုးရွားစွာ *Several people were killed or badly injured.* အချို့သောလူများ အသက်ဆုံးရှုံးခဲ့ကြသည်။ သို့မဟုတ် အပြင်းအထန် ဒဏ်ရာရခဲ့ကြသည်။

> ⚠ Don't say 'her hands were burned badly.' Say **her hands were badly burned.**

လိုရင်းမှာ adv ကို Main Verb ၏ ရှေ့မှာထားပါ။

**horrific** [*adj*] use this about accidents or injuries that are extremely serious, and make you feel shocked or upset: အလွန်အကျူး အထူးတလည် ပြင်းထန်ဆိုးရွား၍ သင့်ကို ထိတ်လန့်တုန်လှုပ်အောင် သို့မဟုတ် စိတ်ပျက်ရင်မောအောင် ဖြစ်စေသော မတော်တဆထိခိုက်မှု၊ ဒဏ်ရာရမှုများအကြောင်းကို ဖော်ပြလိုသောအခါမှာ သုံးပါ။ *Diane has made a full recovery after a horrific riding accident last year.* ဒိုင်ယန်သည် ပြီးခဲ့သည့်နှစ်က အလွန်အကျူး အထူးတလည် ပြင်းထန်ဆိုးရွားသော လေ့ကျင့်မြင်းစီးစဉ် လိမ့်ကျမှုတစ်ရပ်ဖြစ်ခဲ့ရာမှ အပြည့်

mgyoe.com

mgyoe.com

အဝ ပြန်လည်ကောင်းမွန်လာပြီ။ (မှတ်ချက်။ ။ Diane ကို Dy - an' ဟု အသံထွက်ပါ။) *a horrific attack on an innocent child* အပြစ်ကင်းစင်သော ကလေးငယ်တစ်ယောက်ကို ရက်စက်ပြင်းထန်စွာ တိုက်ခိုက်မှု

**nasty** [*adj*] ESPECIALLY SPOKEN use this about accidents, injuries, or illnesses that are not very serious, but are quite unpleasant: မတော်တဆ တိုက်ခိုက်ထိနာမှုများ၊ ဒဏ်ရာရခြင်းများ သို့မဟုတ် နာမကျန်းဖြစ်မှုများသည် အလွန်တရာ ပြင်းထန်ဆိုးရွားခြင်းတော့ မရှိ သို့သော် အလွန်စိတ်ပျက်စရာကောင်းသော အခါမျိုးတွင် သုံးပါ။ *That cough sounds nasty - you aught to see a doctor.* အဲဒီချောင်းဆိုးသံကြီးက မဟန်ဘူးကွ။ မင်း ဆရာဝန်တစ်ယောက်ယောက်ကို ပြဖို့ ကောင်းတယ်။ *He had a nasty cut on his head.* သူ့ခေါင်းမှာ မလိုလားစဖွယ် ဒဏ်ရာရခဲ့သည်။

## [6] when a situation is so bad that you cannot bear it
## သင် သည်းမခံနိုင်လောက်အောင် အခြေအနေ ဆိုးရွားသောအခါ

**can't stand sth/can't bear sth** to be unable to accept an unpleasant situation: နှစ်လိုစရာမကောင်းသော အခြေအနေတစ်ရပ်ကို လက်မခံနိုင်/သည်းမခံနိုင် ဖြစ်သည်။

*Europeans never stay there for long. They can't stand the heat.* ဥရောပတိုက်သားများသည် ထိုအရပ်၌ ဘယ်တော့မှ ကြာကြာမနေပေ။ သူတို့ အပူဒဏ်မခံနိုင် ။

**can't stand/ bear the thought of sth** တစ်စုံတစ်ခုကို တွေးကြည့်ရန်ပင် မခံနိုင်။ စဉ်းစား၍ပင် မကြည့်ဝံ့။ *She couldn't bear the thought of losing her children.* သူမသည် သူမ၏ သားသမီးများ ဆုံးရှုံးရမည်ကို စိတ်ကူး၍ပင် မကြည့်ဝံ့။

**can't bear to do sth** တစ်စုံတစ်ခုကို ပြုရန် မဝံ့မရဲ *I couldn't bear to listen to her screams.* ကျွန်ုပ်သည် သူမ၏ စူးရှသော အော်သံများကို နားထောင်ရန် မဝံ့ရဲပါ။ (နားမထောင်နိုင်၊ နားမထောင်လို)


mgyoe.com

mgyoe.com

**can't take sth** ESPECIALLY SPOKEN to be unable to accept an unpleasant situation without becoming angry or upset, especially when someone's behaviour is not fair or reasonable: အထူးသဖြင့် တစ်စုံတစ်ယောက်၏ အပြုအမူသည် မတရားသော၊ ကျိုးကြောင်းမျှတမှုမရှိသောအခါတွင် စိတ်မဆိုးဘဲ မကျေမနပ်မဖြစ်ဘဲနှင့် မဖွယ်မရာ အခြေအနေတစ်ရပ်ကို လက်မခံနိုင်ဖြစ်သည်။ *Careful what you say - he can't take criticism.* မင်း ဂရုစိုက်ပြောကွနော်။ သူက ဝေဖန်တာ လက်မခံနိုင်ဘူး။

**can't take any more of sth** တစ်စုံတစ်ခုကို ဆက်လက်သည်းမခံနိုင်ဖြစ်သည်။ *I can't take any more of this - she's always complaining about something.* ငါ ဒါကို နောက်ထပ် သည်းမခံနိုင်တော့။ သူမက အမြဲတမ်း တစ်ခုမဟုတ်တစ်ခု အပြစ်တင်နေတာပဲ။

**unbearable** [*adj*] something that is **unbearable**, such as a pain or a bad situation, is too bad for you to deal with or live with: သည်းမခံနိုင်ဖွယ်ဖြစ်သော တစ်စုံတစ်ခု၊ ဥပမာ နာကျင်မှုတစ်ရပ်၊ အခြေအနေဆိုးတစ်ခု။ ယင်းသည် သင့်အတွက် ဆက်ဆံကိုင်တွယ်ဖြေရှင်းရန် သို့မဟုတ် အတူနေထိုင်ရန် မဖြစ်နိုင်။ *The pain was unbearable.* နာကျင်မှုသည် သည်းမခံနိုင်အောင် ဖြစ်ခဲ့သည်။ *Without him, life would be unbearable.* သူ မရှိရင် ဘဝဟာ သည်းမခံနိုင်အောင် ဖြစ်လိမ့်မယ်။

## 7 a situation that is very bad
## အလွန်မကောင်းသော အခြေအနေတစ်ရပ်

**emergency** [*n* C] a very serious and dangerous situation that happens suddenly and needs to be dealt with immediately: ရုတ်တရက်ဖြစ်ပေါ်လာသည့်အပြင် အဆောတလျင် ကိုင်တွယ်ဖြေရှင်းရန် လိုအပ်သော အလွန်စိုးရိမ်စရာကောင်းပြီး အန္တရာယ်များသော အခြေအနေ၊ အရေးပေါ်ကိစ္စ *Lifeguards are trained to deal with any emergency.* အရေးပေါ်အခြေအနေကို ကိုင်တွယ်ဖြေရှင်းရန် အသက်ကယ်တပ်ဖွဲ့ ကိုလေ့ကျင့်ထားသည်။



mgyoe.com

mgyoe.com

**in an emergency** အရေးပေါ်အခြေနေမှာ *In an emergency dial 911 for the police, the fire department, or an ambulance.* အရေးပေါ်အခြေအနေကျရောက်လျှင် နံပါတ် ၉၁၁ ကို လှည့်၍ ရဲ၊ မီးသတ် သို့မဟုတ် သူနာပြုကားကို ဆက်သွယ် အကူတောင်းပါ။

**the emergency services** BRITISH (= the organizations and people that come immediately to help you if there is an emergency) အရေးပေါ်ကိစ္စတစ်ရပ် ဖြစ်ပေါ်လာလျှင် သင့်ကို အဆောတလျင် လာရောက် ကူညီသောအဖွဲ့အစည်းများနှင့်လူများ *The emergency services in this area simply couldn't cope if there was a major accident or a terrorist attack.* မတော်တဆ ဖြစ်ပျက်တိုက်မိမှုကြီးတစ်ခု သို့မဟုတ် အကြမ်းဖက်တိုက်ခိုက်မှုတစ်ရပ် ဖြစ်ပွားလာလျှင် ဤဒေသရှိ အရေးပေါ်ကူညီရေးအဖွဲ့အစည်းများသည် ငုံမိအောင် ကူညီဆောင်ရွက်နိုင်ခြင်းမရှိပေ။

> ⚠ You can also use **emergency** before a noun, like an adjective: emergency surgery အရေးပေါ်ခွဲစိတ်ကုသခြင်း *The plane made an emergency landing.* လေယာဉ်သည် အရေးပေါ် ဆင်းသက်ခဲ့သည်။

**crisis** [*n* C] a very bad situation in which there is a risk that serious problems will become suddenly worse: အလွန်စိုးရိမ်စရာ ပြဿနာများ ရုတ်တရက် ပိုမိုဆိုးလာနိုင်သော အခြေအနေဆိုးကြီး *The Cuban missile crisis of 1960 was probably the closest we have been to nuclear war.* ၁၉၆၀ ပြည့်နှစ်က ကျူးဘားဒုံးပျံပြဿနာသည် ကျွန်ုပ်တို့အား နျူကလီးယားစစ်ပွဲသို့ အနီးကပ်ဆုံးရောက်အောင် ပို့ဆောင် ပေးကောင်းပေးခဲ့သည်။ *Their marriage was going through a crisis, which ended in divorce.* သူတို့၏ အိမ်ထောင်ရေးသည် ပြဿနာ အကြီးအကျယ်ဖြစ်ခဲ့၍ ကွာရှင်းခြင်းဖြင့် ပြီးဆုံးခဲ့သည်။ *an economic crisis* စီးပွားရေးအကျပ်အတည်းတစ်ခု

mgyoe.com

mgyoe.com

**disaster** [*n* C] a terrible event that causes a lot of damage or a lot of deaths: အပျက်အစီး. သို့မဟုတ် အသက်ဆုံးရှုံးမှုများစွာကို ဖြစ်စေသော ကြောက်စဖွယ် အဖြစ်အပျက်တစ်ခု *a mining disaster in which 108 people lost their lives* လူ ၁၀၈ ယောက်အသက်ဆုံးရှုံးရသော မိုင်းတွင်းဘေးဒုက္ခတွေ့ကြုံမှုတစ်ရပ် *the Chernobyl nuclear disaster* ချာနိုဘိုင်(လ်) နျူကလီးယား ဓာတ်ပေါင်းဖို ဘေးဒုက္ခကြီး

**natural disaster** (= caused by storms, floods etc) သဘာဝဘေးအန္တရာယ်ကြီးတစ်ရပ်။ မုန်တိုင်းများ၊ ရေကြီးခြင်းများ စသည်တို့ကြောင့် ဖြစ်ပေါ်လေ့ရှိသည်။ *a fund set up to deal with natural disasters such as earthquakes or floods* ငလျင်လှုပ်ခြင်း၊ ရေလွှမ်းခြင်းစသည့် သဘာဝ ဘေးအန္တရာယ်များအတွက် အသုံးပြုရန် မ,တည်ထားသာ ရန်ပုံငွေ။

## 8 bad people or bad behaviour

### ဆိုးရွားသောလူများ သို့မဟုတ် ဆိုးရွားသောအပြုအမူများ

**bad** [*adj*] use this about behaviour that is morally wrong, or about people who do things that are morally wrong: လူ့ကျင့်ဝတ် သိက္ခာအရ မှားယွင်းသော အပြုအမူများ သို့မဟုတ် လူ့ကျင့်ဝတ် သိက္ခာအရ မှားယွင်းသောကိစ္စများကို လုပ်ဆောင်ကျူးလွန်ကြသော လူများနှင့်ပတ်သက်၍ ဤစကားကို သုံးပါ။ *In spite of all the bad things he had done, I still loved him.* သူဟာ အကျင့်ပျက်သိက္ခာကျကိစ္စတွေကိုကျူးလွန်ခဲ့ပေမယ့် သူ့ကိုငါ ချစ်ခဲ့တုန်းပဲ။ *In most movies, the bad guy gets caught in the end.* ရုပ်ရှင်အများစုတို့မှာ လူဆိုးဟာ နောက်ဆုံးတော့ အဖမ်းခံရတော့တာပဲ။ *Is there any crime worse than murdering a child?* ကလေးတစ်ယောက်ကို သတ်ခြင်းထက် ပိုမိုဆိုးရွားသောရာဇဝတ်မှု တစ်ခုရှိပါသလား။ *He had a bad influence on his younger brother.* သူသည် သူ့ညီအပေါ်တွင် မကောင်းသော လွှမ်းမိုးမှုတစ်ရပ်ရှိခဲ့သည်။

mgyoe.com

mgyoe.com

**wrong** [*adj not before noun*] use this about behaviour, actions, or situations that are not morally right: ကိုယ်ကျင့်တရားအားဖြင့် မမှန်ကန်သော အပြုအမူ လှုပ်ရှားလုပ်ဆောင်မှုများ သို့မဟုတ် အခြေအနေများနှင့်ပတ်သက်၍ ဤစကားကို သုံးပါ။ *He knew it was wrong, but he couldn't resist taking the money.* သူက ထိုအပြုအမူ လွဲမှားကြောင်းကို သိရှိသည်။သို့သော် သူ ပိုက်ဆံကို မယူဘဲ မနေနိုင်ခဲ့ပေ။

**it is wrong to do sth** တစ်စုံတစ်ခုပြုလုပ်တာ မှားသည်။ *It is wrong to tell lies.* မုသားပြောတာ မှားယွင်းသည်။ (မပြောအပ်ပေ)။
*it is wrong that '...'* သည်မှာ မှားသည်။ *It's wrong that so many people are starving when there is plenty of food in the world.* ကမ္ဘာကြီးတွင် အစားအစာများစွာရှိနေချိန်၌ များစွာသော လူတို့ ငတ်မွတ်နေရသည်မှာ မမှန်ကန်ပေ။

**immoral** [*adj*] use this about actions which you believe are morally wrong and unacceptable, even if they are not illegal: တရားဥပဒေနှင့် ငြိစွန်းသည်ဟု မဆိုနိုင်သော်လည်း ကိုယ်ကျင့်သိက္ခာပျက်ယွင်းသဖြင့် သင်လက်မခံနိုင်ဟု ယူဆသော ပြုမူချက်များနှင့် ပတ်သက်၍ သုံးပါ။ ကိုယ်ကျင့်တရား ပျက်ယွင်းသော *Many people think that testing drugs on animals is immoral.* တိရစ္ဆာန်များဖြင့် ဆေးဝါးများ စမ်းသပ်ခြင်းသည် ကိုယ်ကျင့်တရားအရ မလုပ်အပ်ဟု လူအများအပြားကယူဆသည်။ *To spend £ 23 billion on nuclear weapons is immoral, and a terrible waste of money.* ပေါင်ငွေ ၂၃ ဘီလျံကို နျူကလီးယားလက်နက်များအပေါ်တွင် အသုံးပြုခြင်းသည် အကျင့်သိက္ခာပျက်ယွင်းမှုသာမက ထိတ်လန့်စရာကောင်းအောင်ငွေကြေးဖြုန်းတီးခြင်းလည်း ဖြစ်လေသည်။ (one billion = သန်းတစ်ထောင်)

⚠ **Immoral** is more formal than **wrong**. Don't say 'very immoral'. Say **totally immoral** or **highly immoral.**

mgyoe.com

mgyee.com

ယင်းအသုံးကို very နှင့်အထူးမပြုဘဲ totally/highly တို့နှင့်သာ အထူးပြုပါ။ လုံးလုံးလျားလျား/မြင့်မြင့်မားမားဟု အဓိပ္ပာယ်ရသည်။

**evil/ wicked** [*adj*] deliberately very bad and cruel to other people: အခြားလူများ အပေါ်တွင် တခုတ်တရ (အမှတ်မထင် မဟုတ်ဘဲ) အလွန်ဆိုးရွားကာ ရက်စက်ကြမ်းကြုတ်သော *Sutcliffe was an evil murderer.* ဆု(တ်)ကလစ်(ဖ်)သည် အလွန်ဆိုးရွားရက်စက်သော လူသတ်သမားတစ်ယောက် ဖြစ်ခဲ့သည်။ *Police described the woman's crime was as wicked and inhuman.* ရဲများက အမျိုးသမီး၏ ရာဇဝတ်မှုကို ဆိုးရွားရက်စက်၍ လူမဆန်သောပြစ်မှုအဖြစ် ဖော်ပြခဲ့သည်။

## 9 a bad child

## ကလေးဆိုး

**naughty** [*adj*] a child who is **naughty** behaves badly, for example by being rude or by doing things that are not allowed: 'ဆိုး'သောကလေးတစ်ယောက်သည် မကောင်းစွာ (ပေါက်လွှတ်ပဲစား) ပြုမူကျင့်ကြံသည်။ ဥပမာ-ရိုင်းစိုင်းစွာ ပြုမူသည်။ သို့မဟုတ် သူ့အား လူကြီးများက ခွင့်မပြုသော၊ မလုပ်စေလိုသော အပြုအမူတို့ကို ပြုလုပ်သည်။ *I only smack the children who are very naughty.* ငါတော့ အလွန်ဆိုးတဲ့ ကလေးတွေကို ရိုက်ပစ်လိုက်တာပဲ။ *We've been looking for you everywhere, you naughty boy!* ငါတို့ မင်းကိုနေရာတကာ လိုက်ရှာနေရတယ်။ ဟဲ့ - ကောင်ဆိုး ကောင်ပေလေး။

**spoiled** (also spoilt BRITISH) ပျက်စီးသော [*adj*] children who are **spoiled** behave badly because their parents always let them do what they want and have what they want: ပျက်စီးနေသော ကလေးဆိုးများသည် ထင်ရာပြုမူ တတ်သည်။ ယင်းသို့ဖြစ်ရသည်မှာ သူတို့၏ မိဘများက အမြဲတမ်း သူတို့ကို လုပ်ချင်သလိုလုပ်၊ လိုချင်တာရစေပြီး အလွန်အကျူး အလိုလိုက်ထားသောကြောင့် ဖြစ်သည်။ *You're a spoilt, un-*

mgyee.com

mgyoe.com

*grateful little girl!* နင်ဟာ အလွန်မိုက်မဲဆိုးသွမ်းပြီး ကျေးဇူးကန်းတဲ့ကောင်မလေး။ *Those kids are definitely spoiled - they need to learn some manners.* ဟိုကလေးငယ်တွေဟာ ကေန်ပျက်စီးနေကြပြီ။ ကောင်းကောင်းပြုမူ နေထိုင်တတ်အောင် သင်ယူဖို့တော့ လိုအပ်နေပြီ။

**mischievous** [*adj*] a child who is **mischievous** behaves badly, but in a way makes people laugh rather than making them angry: mischievous ဖြစ်သောကလေးတစ်ယောက်သည် 'ဆိုးရွားစွာ' ပြုမူသည်မှာ မှန်သည်။ သို့သော် သူ၏အပြုအမူက လူကြီးများကို စိတ်ဆိုးစေမည့်အစား တစ်နည်းတစ်ဖုံ ရယ်မောရစေသည်။ *She was a mischievous little girl, who was always playing tricks on people.* သူမသည် ကြည်စယ်တတ်သော မိန်းကလေးဆိုးတစ်ယောက်ဖြစ်၍ လူများကို အမြဲတမ်း ရွှတ်နောက်လှည့်စားလေ့ရှိသည်။

**mischievously** [*adv*] ရွှတ်နောက်နောက်၊ မခိုးမခန့် *Ben smiled mischievously.* ဘင်သည် ရွှတ်နောက်နောက် မခိုးမခန့်ပြုံးခဲ့သည်။

**badly behaved** [*adj*] a **badly behaved** child behaves badly and causes a lot of trouble: ဆိုးရွားစွာ ပြုမူသောကလေးတစ်ယောက်သည် မိုက်မဲစွာ ပြုမူနေထိုင်၍ ဒုက္ခများစွာပေးလေ့ရှိသည်။ *Two or three badly behaved children are causing all the problems in the class.* အပြုအမူ အနေအထိုင်မကောင်းသော ကလေးနှစ်ယောက်သုံးယောက်သည် စာသင်ခန်းထဲတွင် ပြဿနာအားလုံးကို ဖြစ်ပေါ်စေသည်။

**brat** [*n* C] INFORMAL a child that you do not like, who behaves badly and is rude: နှစ်သက်စရာမကောင်းသော ကလေးတစ်ယောက်ဖြစ်၍ သူသည် ထောင်လွှားစွာ ပြုမူသည့်အပြင် ရိုင်းပျသည်။ *The school is full of rich brats.* စာသင်ကျောင်းသည် ကိုယ်နှုတ်အပြုအမူ အပြောအဆို ထောင့်မကျိုးသည့် ချမ်းသာသော ကျောင်းသူကျောင်းသားများနှင့် ပြည့်လျှက်ရှိသည်။


mgyoe.com

**spoiled/ spoilt brat** (= a child who behaves badly because they have always been allowed to do whatever they want) စည်းပျက်ကမ်းပျက် ကလေးတစ်ယောက်၊ သူ့ကို လုပ်ချင်တာမှန်သမျှ လုပ်ခွင့်ပေးထားသောကြောင့် ထိုသို့ မင်းမူနေခြင်းဖြစ်သည်။

## 10 bad at doing something
## တစ်ခုခုကို လုပ်ကိုင်ရာတွင် ညံ့ဖျင်းသော

**bad** [*adj*] not able to do something well, for example a job, sport, or activity တစ်စုံတစ်ခုကို ကောင်းမွန်နိုင်နင်းစွာ မလုပ်ဆောင်နိုင်သော၊ ဥပမာ- အလုပ်၊ အားကစား သို့မဟုတ် ပြုမူလှုပ်ရှားမှုတစ်ခု

**bad teacher/ driver/ player etc** ညံ့ဖျင်းသော ကျောင်းဆရာ/ ကားမောင်းသမား/အားကစားသမား စသည် *He's the worst driver I've ever seen.* ငါတွေ့ဖူးသမျှထဲမှာ သူဟာ အဆိုးဆုံးအညံ့ဆုံး ကားမောင်းသမားဖြစ်တယ်။ *The problem was caused by bad management.* ပြဿနာသည် ညံ့ဖျင်းသော စီမံခန့်ခွဲမှုကြောင့် ဖြစ်ပေါ်ခဲ့ရသည်။

**+ at +** မှာ *I was always bad at French!* ကျွန်ုပ်သည် ပြင်သစ်စာမှာ အမြဲတမ်းညံ့ခဲ့သည်။

**bad at doing sth** တစ်စုံတစ်ခု ပြုလုပ်ရာမှာ ညံ့ဖျင်းသော *I'm very bad remembering people's names.* ငါ လူတွေရဲ့နာမည်တွေကို မှတ်မိရာမှာ ညံ့ဖျင်းတယ်။

> ⚠ Only use **bad** about other people if you want to criticize them strongly. If you want to be more polite, use **not very good** instead.

လိုရင်းမှာ - လူတွေကိုပြင်းပြင်းထန်ထန် မညှာမတာ ဝေဖန်လိုသောအခါမှာသာ **bad** ကိုသုံးပါ။ ပိုမိုယဉ်ယဉ်ကျေးကျေးပြောလိုလျှင် **not very good** ကိုသုံး။

mdyoe.com

**badly** [*adv*] if you do something **badly,** you do it carelessly, not skilfully, or you do it in the wrong way: သင်သည် တစ်စုံတစ်ခုကို ညံ့ဖျင်းစွာ ပြုလုပ်သည်ဆိုသည်မှာ ဂရုမစိုက်ဘဲ ပြုလုပ်ခြင်းဖြစ်သည်။ ကျွမ်းကျွမ်းကျင်ကျင် မဟုတ်ဘဲ အမှားမှားအယွင်းယွင်းပြုလုပ်ခြင်းဖြစ်သည်။ *Kate plays the violin very badly.* ကိတ်သည် တယောကို အလွန် ညံ့ဖျင်းစွာ ထိုးသည်။ *The company had been badly managed from the start.* ကုမ္ပဏီသည် စကတည်းက ညံ့ဖျင်းစွာ စီမံအုပ်ချုပ်ခြင်း ခံခဲ့ရသည်။

> ⚠ Don't say 'I speak English very bad". Say **I speak English very badly.** Remember that **bad is an adjective and badly is an adverb.**

လိုရင်းမှာ - bad သည် နာမဝိသေသနဖြစ်၍ ကြိယာကို အထူးမပြုနိုင်။ badly မှာမူ ကြိယာဝိသေသနဖြစ်သောကြောင့် ကြိယာကို အထူးပြုနိုင်သည်။

**not very good** ESPECIALLY SPOKEN not able to do something well တစ်ခုခုကို ကောင်းစွာမလုပ်နိုင်သော၊ မကောင်းသော *He's a nice guy, but he's not a good actor.* သူသည် ရုပ်ရည်သားနားသူ တစ်ယောက်တော့ဖြစ်သည်။ သို့သော် အမျိုးသားသရုပ်ဆောင်ကောင်း တစ်ယောက်တော့ မဟုတ်ပေ။

**+ at +** မှာ မတော် *I'm afraid I'm not very good at algebra!* ဝမ်းနည်းပါတယ်ကွာ၊ ငါ အက္ခရာသင်္ချာမှာ သိပ်မတော်ပါဘူး။

**not very good at doing sth** တစ်စုံတစ်ခုကို လုပ်ကိုင်ရာမှာ မတော်သော၊ မကျွမ်းကျင်သော *She's not very good at communicating with other people.* သူမသည် အခြားသူများနှင့်ဆက်ဆံရာမှာ မကျွမ်းကျင်ပါ။

mgyoe.com

mgyoe.com

**not very well** သိပ်မတတ်သော၊ မတော်သော *"Do you play the piano?"* မင်းစန္ဒရားတီးတတ်သလား။ *"Not very well."* သိပ်မတတ်ပါဘူး။

**no good at sth** SPOKEN very bad at a skill or activity ကျွမ်းကျင်မှု လိုအပ်သော ကိစ္စတစ်ခု သို့မဟုတ် အားကစားတစ်ရပ်မှာ မထူးချွန်သော၊ မတော်သော *I'm no good at tennis.* ငါ တင်းနစ် ကစားရာမှာ မထူးချွန်ဘူး။

**no good at doing sth** တစ်စုံတစ်ခုပြုလုပ်ခြင်းမှာ မကျွမ်းကျင်သော *He can drive quite well, but he's no good at parking.* သူသည် ကားမောင်းရာမှာ တော်ပါသည်။ သို့သော် ကားကိုဆိုက်ကပ်ရပ်နားရာမှာ မကျွမ်းကျင်ပါ။

**terrible/useless/hopeless** [*adj*] ESPECIALLY SPOKEN very bad at doing something, or very badly done: တစ်စုံတစ်ခုကို လုပ်ဆောင်ရာမှာ အလွန်ညံ့ဖျင်းသော သို့မဟုတ် အလွန်ညံ့ဖျင်းစွာ ပြုလုပ်ထားသော *She's very intelligent but she's a hopeless cook.* သူမသည် အလွန်အသိဉာဏ်ရှိသည်။ သို့သော် မျှော်လင့်ချက်ထားလို့ မရနိုင်အောင် အချက်အပြုတ်ညံ့သည်။ (သူမသာ ဟင်းချက်ရင် ကောင်းဖို့ မမျှော်လင့်နဲ့တော့။ မကောင်းမှာ သေချာတယ်။) *That was a terrible shot - it missed the goal by a mile!* ညံ့ဖျင်းလိုက်တဲ့ ကန်ချက်ကွာ။ ဂိုးပေါက်နဲ့ တစ်မိုင်လောက် လွဲတော့တာပဲ။

**+ at** + မှာ *I'm useless at spelling.* ငါက စာလုံးပေါင်းမှာတော့ နုံလွန်းပါတယ်ကွာ။

**incompetent** [*adj*] someone who is **imcompetent** lacks the skills they need to do their job - use this to criticize someone who is very bad at something and makes a lot of mistakes: သူတို့၏အလုပ်ကို လုပ်ကိုင်ရန် လိုအပ်သော ကျွမ်းကျင်မှုများ ကင်းမဲ့သူတို့ကို


mgyoe.com

mgyoe.com

အလုပ်မကျွမ်းသူဟု ခေါ်သည်။ တစ်ခုခု၌ အလွန်ညံ့ဖျင်းသူကို ဝေဖန်ရာမှာ ဤစကားကိုသုံးပါ။ *The government of that country is totally incompetent.* ထိုတိုင်းပြည်၏ အစိုးရသည် လုံး၀ အုပ်ချုပ်ရေးမကျွမ်းချင်ပေ။ *imcompetent management* မကျွမ်းကျင်သော စီမံခန့်ခွဲမှု

⚠ Don't say "very imcompetent". Say **totally/completely incompetent.**

လိုရင်းမှာ - ယင်းစကားကို very နှင့် အထူးမပြုနှင့် totally/completely တို့နှင့် အထူးပြုပါ။

## 11 in bad condition

### အခြေအနေဆိုးထဲမှာ

**in bad condition** if something is **in bad condition,** it is old, dirty,or not working well: တစ်စုံတစ်ခုသည် 'အခြေအနေဆိုးထဲမှာ' ဖြစ်လျှင် ယင်းသည် ဟောင်းနွမ်းသော၊ ညစ်ပတ်ပေရေသော သို့မဟုတ် ကောင်းကောင်း အလုပ်မဖြစ်၊ အသုံးပြု၍ မရသောဟု ဆိုလိုသည်။ *We got the furniture cheap because it was in very bad condition.* ပရိဘောဂများသည် အလွန်အခြေအနေဆိုးသောကြောင့် ကျွန်ုပ်တို့ ဈေးပေါပေါဖြင့် ရခဲ့သည်။ *The machinery in the factory is in bad condition, and is probably dangerous.* စက်ရုံထဲက စက်များသည် အခြေအနေဆိုးနေ၍ အန္တရာယ်ဖြစ်ကောင်းဖြစ်ဖွယ် ရှိသည်။ Don't say 'in a bad conditon.' Say **in bad condition.** လိုရင်းမှာ - a ထည့်မပြောနှင့်။ မထည့်ဘဲပြောပါ။

*be falling apart* ESPECIALLY SPOKEN if something is **falling apart,** it is gradually breaking into pieces because it is old or it was not well made: တစ်စုံတစ်သည် ~ ဖြစ်နေပြီဆိုလျှင် ထိုဟာသည် ဟောင်းနွမ်းနေပြီ သို့မဟုတ် ကောင်းစွာ ပြုလုပ်ထားခြင်းမရှိဟု

mgyoe.com

ဆိုလိုသည်။ *I need some new shoes. These are falling apart.* ငါ ရှူးဖိနပ်သစ်လိုပြီ။ ဒါတွေက ဟောင်းနွမ်းနေပြီ။ (ဤ ~ အမှတ်အသားသည် စာလုံးမည်းဖြင့် ဖော်ပြထားသော is falling apart ကို ရည်ညွှန်းသည်။ အခြားနေရာများတွင်လည်း သက်ဆိုင်ရာ အင်္ဂလိပ်အသုံးအနှုန်းကို ကိုယ်စားပြုကြောင်း ဤအတိုင်းသဘောပေါက်ရန်)

**battered** [*adj* usually before noun] something that is **battered** is old and in bad condition because it has been used a lot: ~ ဖြစ်သည်ဆိုသောတစ်စုံတစ်ခုသည် ဟောင်းနွမ်း၍ ဆိုးရွားသော အခြေအနေ ရှိသည်။ အလွန်အမင်းအသုံးပြုခံရသဖြင့် ထိုသို့ဖြစ်ရခြင်းဖြစ်သည်။ *a battered old suitcase* ဟောင်းနွမ်းစုတ်ချာအိုမင်းနေသော လက်ဆွဲအိတ် *Professor smith got out a battered copy of Shakespeare's plays.* ပါမောက္ခစမစ်သည် ရှိတ်စပီးယား၏ ဟောင်းနွမ်းကာ တိမ်မြုပ်နေသော ပြဇာတ်စာအုပ်တစ်အုပ်ကို လူသိများအောင် ပြုလုပ်ခဲ့သည်။ (ဝါ) ထုတ်ဝေဖြန့်ချိခဲ့သည်။ *a couple of battered wooden chairs* ဟောင်းနွမ်းနုံချာ၍ အခြေအနေဆိုးနေသော သစ်သားကုလားထိုင်နှစ်လုံး

**rotten** [*adj*] wood that is **rotten** has decayed and become very soft, so that it breaks easily: ~ ဖြစ်သော သစ်သားဆိုသည်မှာ ပျက်စီးဆွေးမြေ့ကာ အလွန်မခိုင်မခံ့ဖြစ်နေသဖြင့် အလွယ်တကူ ကျိုးလွယ်ပျက်လွယ်သည်။ *The window frames were rotten, so we had to replace them.* ပြတင်းပေါက်ဘောင်များသည် ဆွေးနေခဲ့ကြသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ယင်းတို့ကို အစားထိုးလဲလှယ်ရမည်ဖြစ်သည်။

**rusty** [*adj*] metal that is **rusty** is red-brown in colour, because it has been damaged by the effects of water: ~ ဖြစ်သောသတ္တုသည် နီညိုရောင် (သံချေးရောင်) အဆင်းရှိသည်။ ရေနှင့်ထိတွေ့ စွတ်စိုသောကြောင့် ထိုသို့ဖြစ်ရသည်။ *A few rusty nails held the door in place.* အနည်းငယ်သော သံချေးတက်နေသည့် သံမှိုတို့က တံခါးကို ပုံမပျက် တည်ရှိစေခဲ့သည်။ *The railings were old and rusty.* သံဇကာများသည် ဟောင်းနွမ်း၍ သံချေးတက်နေခဲ့သည်။



mgyoe.com

mgyoe.com

**rust** [*n* C] သံချေး *You can't see it, but underneath the car is covered in rust.* မင်းမတွေ့ရဘူး။ ဒါပေမယ့်ကားရဲ့အောက်ပိုင်းကို သံချေးတက်နေတယ်။

**shabby** [*adj*] clothes, furniture, or places that are **shabby** are no longer in good condition because they have been worn or used a lot: အဝတ်အစားများ၊ အိမ်ထောင်ပရိဘောဂများ သို့မဟုတ် နေရာများသည် အခြေအနေမကောင်းတော့ဘဲ ဖြစ်လာပါက ယင်းတို့ကို **ဟောင်းနွမ်းလာသည်ဟု** ခေါ်သည်။ ထိုသို့ဖြစ်ရသည်မှာ ၄င်းတို့ကို များစွာ ဝတ်ဆင်အသုံးပြုထားသောကြောင့် ဖြစ်သည်။ *Paul was wearing a shabby old suit.* ပေါ(လ်)သည် ဟောင်းနွမ်းအခြေအနေဆိုးနေသော ဝတ်စုံဟောင်းကြီးကို ဝတ်ဆင်ထားခဲ့သည်။ *The hotel room was dark and shabby.* ဟိုတယ်အခန်းသည် မှောင်မည်း၍ ဟောင်းနွမ်းနုံချာနေခဲ့သည်။

**dilapidated** [*adj*] a building that is **dilapidated** is in a very bad condition, because it has not been looked after or repaired: ~သော အဆောက်အအုံတစ်ခုဆိုသည်မှာ အလွန်အခြေအနေဆိုးရွားနေသည်။ ထိုသို့ဖြစ်ရသည်မှာ ယင်းကို ကြည့်ရှုထိန်းသိမ်းခြင်း၊ ပြုပြင်မွမ်းမံခြင်း မလုပ်သောကြောင့်ပင်။ *The warehouse is now empty and dilapidated.* ကုန်လှောင်ရုံသည် ယခု ဘာမျှမရှိဘဲ ဟာလာဟင်းလင်းဖြစ်ကာ ပြုပြင်ထိန်းသိမ်းခြင်းလည်း မရှိပေ။ *an old dilapidated school with a leaky roof* ခေါင်မိုးရေယိုနေသည့် ပြုပြင်ထိန်းသိမ်းခြင်းမရှိသော စာသင်ကျောင်းအိုတစ်ခု

**bad** [*adj*] food that is **bad** is not good to eat, because it has started to decay: မကောင်းဆိုးရွားသော အစားအစာဆိုသည်မှာ စားရန်မသင့်တော်ဟု ဆိုလိုသည်။ ယင်းသည် စတင်ကာပျက်စီး ပုပ်သိုးနေပြီဖြစ်သည်။ *I got really sick from eating bad seafood.* ကျွန်ုပ်သည် မလတ်ဆတ်သော (ဝါ) သိုးနေသော ပင်လယ်အစားအစာကို စားမိသဖြင့်

mgyoe.com

တကယ်ပင် နေမကောင်းဖြစ်ခဲ့သည်။ *the smell of bad eggs* ကြက်ဥပုပ်များ၏အနံ့

**go off/ go bad** ESPECIALLY SPOKEN if food **goes off or goes bad,** it starts to decay because it has been kept for too long: အစားအစာပုပ်သွားပြီ၊ သိုးသွားပြီဆိုသည်မှာ အချိန်ကြာညောင်းစွာ သိမ်းဆည်းထားသောကြောင့် စတင်၍ သုံးမရအောင် ပျက်စီးသွားပြီဟု ဆိုလိုခြင်းဖြစ်သည်။ *In this heat, fish goes off very quickly.* ဒီအပူချိန်နဲ့ဆိုတော့ ငါးတွေ မြန်မြန်ပုပ်ကုန်တော့တာပေါ့။ *The fruit went bad before we could eat it all.* ငါတို့ ကုန်အောင်မစားနိုင်ခင် သစ်သီးတွေပုပ်ကုန်ခဲ့တယ်။

## 12 to think something or someone is bad or morally wrong

**တစ်စုံတစ်ခု သို့မဟုတ် တစ်စုံတစ်ယောက်သည် ဆိုးရွားသည် သို့မဟုတ် ကိုယ်ကျင့်တရား ပျက်ယွင်းကြောင်း မှတ်ယူရန်**

**disapprove** [*V* I] to think that a person or action is bad, morally wrong, or very stupid: လူတစ်ယောက်၊ ပြုမူချက်တစ်ရပ် ဆိုးရွားကြောင်း၊ ကိုယ်ကျင့်တရားပျက်ယွင်းကြောင်း သို့မဟုတ် အလွန်မိုက်မဲကြောင်း မှတ်ယူသည်။ *I wanted to become an actor but my parents disapproved.* ငါက အမျိုးသားရုပ်ရှင်သရုပ်ဆောင်တစ်ယောက်ဖြစ်လိုခဲ့သည်။ သို့သော် မိဘများက သဘောမတူခဲ့။

**+ of +** ၏ *Debbie's father disapproves of her boyfriend.* ဒက်ဘီ၏အဖေသည် သူမ၏ ယောက်ျားလေး သူငယ်ချင်းကိုသဘောမကျပေ။

**disapprove of sb doing sth** တစ်စုံတစ်ယောက် တစ်စုံတစ်ခု လုပ်ခြင်းကို မနှစ်သက် *My friends disapprove of me smoking.* ကျွန်ုပ်၏ သူငယ်ချင်းများသည် ကျွန်ုပ်ဆေးလိပ်သောက်ခြင်းကို မနှစ်သက်ကြပေ။



mgyoe.com

**strongly disapprove (= disapprove very much)** အပြင်းအထန် ဆန့်ကျင်သည်။ *I strongly disapprove of any form of gambling.* ကျွန်ုပ်သည် ပုံစံတစ်နည်းနည်းဖြင့် လောင်းကစားခြင်းကို အပြင်းအထန် ကန့်ကွက်သည်။

**think sth is wrong** to think that something is morally bad and should not happen: တစ်စုံတစ်ခုသည် ကိုယ်ကျင့်တရားအရ ဆိုးရွားသဖြင့် မလုပ်ထိုက်ဟု ယူဆသည်။ *Jane thinks sex before marriage is wrong.* လက်မထပ်မီ လိင်ဆက်ဆံမှု ကျူးလွန်ခြင်းသည် မှားယွင်းသည်ဟု ဂျိန်း ယူဆသည်။

**think it is wrong to do sth** တစ်စုံတစ်ခုပြုလုပ်တာ မှားသည်ဟု ထင်မြင်သည်။ *I think it's wrong to hit a child, whatever the circumstances.* ဘယ်လိုအခြေအနေမှာပင်ဖြစ်စေ ကလေးကို ရိုက်နှက်ခြင်းသည် မှားကြောင်းဖြင့် ကျွန်ုပ်ခံယူသည်။

**disapproval** [*n* C] how you feel when you think someone's ideas, behaviour, or actions are bad or morally wrong: တစ်စုံတစ်ယောက်၏ စိတ်ကူးများ၊ အပြုအမူ သို့မဟုတ် လှုပ်ရှားလုပ်ဆောင်ချက်များသည် ဆိုးရွားသည်၊ ကိုယ်ကျင့်တရားအရ မှားယွင်းသည်ဟု သင်၏ ခံယူချက်။ အတည်ပြုလက်ခံမှုမရှိခြင်း၊ နှစ်သက်သဘောကျမှု မရှိခြင်း။ *She looked at our clothes with obvious disapproval.* သူမက ကျွန်ုပ်တို့၏ အဝတ်အစားများကို မနှစ်မြို့ခြင်းကြီးစွာဖြင့် ကြည့်ရှုခဲ့သည်။

**sb's disapproval/ the disapproval of sb** တစ်စုံတစ်ယောက်၏ အတည်ပြုလက်ခံခြင်း မရှိဘဲနှင့် *Peter was determined to go to art school, despite his parents' disapproval.* သူ၏မိဘများက အတည်ပြုလက်ခံခြင်းမရှိသော်လည်း ပီတာက အနုပညာကျောင်းတက်ရန် သန္နိဋ္ဌာန်ချမှတ်ခဲ့သည်။

mgyoe.com

mgyoe.com

**+ of +** ၏ *They tried not to show any disapproval of Sandy's lifestyle.* သူတို့သည် ဆန်ဒီ၏ ယေဘုယျဘဝပြုမူနေထိုင်ပုံကို လက်ခံသဘောကျမှုမရှိကြောင်း တစ်နည်းနည်းဖြင့် မပြသမိစေရန် ကြိုးစားခဲ့ကြသည်။

**disapproving** [*adj*] if someone speaks to you or looks at you in a **disapproving** way, they show by the way they talk or look that they disapprove of you: တစ်ယောက်ကသင့်ကို ~ နည်းဖြင့် စကားပြောဆိုသည် သို့မဟုတ် ကြည့်သည်ဟုဆိုရာဝယ် သူတို့က သင့်ကို ပြောပုံ၊ ကြည့်ပုံဖြင့်မလိုလား၊ မနှစ်သက်ကြောင်း ထုတ်ဖော်ပြောခြင်းပင် ဖြစ်သည်။

*John gave me a disapproving look when I suggested another drink.* ကျွန်တော်က နောက်ထပ် (အရက်) သောက်ရန် အကြံပြုခဲ့သောအခါ ကျွန်တော့်ကို ဂျွန်က မလိုလားမနှစ်သက်စွာ ကြည့်ခဲ့သည်။ *"Do you think you should be doing that"? he said, in disapproving voice.* "ထိုဟာကို မင်းလုပ်နေသင့်တယ်လို့ မင်းထင်သလား" သူက မလိုလား မနှစ်သက်သော အသံဖြင့် မေးခဲ့သည်။

## 13 so bad that it makes you very angry
## သင့်ကို အလွန်စိတ်ဆိုးအောင် ပြုလုပ်သည်အထိ ဆိုးရွားသော

**outrageous/ disgraceful** [*adj*] use this about actions or situations that are very bad or very unfair and should not be allowed to happen: အလွန်ဆိုးရွား၍ အလွန်မတရားသောကြောင့် ဖြစ်ပွားပေါ်ပေါက်လာအောင် ခွင့်မပြုသင့်သော အပြုအမူများ၊ အခြေအနေများနှင့် ပတ်သက်၍သုံးပါ။ *an outrageous waste of money* ငွေကြေးကို ဆိုးဆိုးရွားရွား မတရားဖြုန်းတီးခြင်း *I thought their behaviour was disgraceful.* သူတို့၏ အပြုအမူသည် ကျိုးယုတ်ရှက်ရ သိက္ခာကျသည်ဟု ကျွန်ုပ်ထင်မြင်ခဲ့သည်။

mgyoe.com

mgyoe.com

**be a disgrace** SPOKEN if you say that something **is a disgrace,** you are angry about it and think that it should not be allowed to happen: တစ်စုံတစ်ခုသည် ကျိုးယုတ်ရှက်ရ သိက္ခာကျသည်ဟု ဆိုလျှင် သင်က ထိုဟာနှင့်ပတ်သက်ပြီး ဒေါသဖြစ်သည့်အပြင် ယင်းကဲ့သို့ ဖြစ်နိုင်အောင် ခွင့်မပြုသင့်ဟု ယူဆသည်။ *The level of unemployment in that country is a disgrace.* ထိုတိုင်းပြည်၏ အလုပ်လက်မဲ့အဆင့်သည် ကျိုးယုတ်ရှက်ရ သိက္ခာကျစရာ ဖြစ်သည်။

**it's disgrace that** '. . . ရသည်မှာကျိုးယုတ်ရှက်ရ သိက္ခာကျစရာ ဖြစ်သည်' *It's a disgrace that my wife had to wait five hours to see a doctor.* ကျွန်ုပ်၏ဇနီးသည်ဆရာဝန်နှင့် တွေ့ရအောင် ငါးနာရီကြာ စောင့်ရသည်မှာ ကျိုးယုတ်ရှက်ရ သိက္ခာကျစရာ ဖြစ်လေသည်။

## BANKS

## ဘဏ်တိုက်များ

BANK WORDS ဘဏ်အသုံးအနှုန်းများ



mgyoe.com

1. When Kevin left school he opened a **bank account.**
ကီဗင်သည် ကျောင်းထွက်ပြီးသောအခါ ဘဏ်၌ ငွေစာရင်းဖွင့်ခဲ့သည်။
2. The bank gave him a **cheque book** and a **bank card.**
ဘဏ်က သူ့ကိုချက်လက်မှတ်တစ်အုပ်နှင့် ဘဏ်ကတ်တစ်ခုပေးခဲ့သည်။
3. Kevin enjoyed himself a lot . . . but unfortunately, he wasn't very **good with money** and he **got into debt.**
ကီဗင်သည် အလွန်ပျော်ရွှင်ခံစားခဲ့သည်။ ကံမကောင်းချင်တော့ သူသည် ငွေကို ကောင်းစွာမထိန်းသိမ်းနိုင်သဖြင့် အကြွေးတင်ခဲ့လေသည်။
4. One day he went to the **cashpoint,** and discovered that he couldn't **get** any **money out** because he was £ 100 overdrawn.
တစ်နေ့တွင် သူသည် ငွေထုတ်ဌာနသို့သွားရောက်ခဲ့ရာ ရှိငွေထက် ပေါင် ၁၀၀ ပိုမိုထုတ်ယူပြီးဖြစ်သောကြောင့် ငွေနောက်ထပ်ထုတ်၍ မရတော့ကြောင်းတွေ့ရှိခဲ့ရသည်။
5. The bank agreed to give him an **overdraft.**
ဘဏ်က သူ့ကိုအပ်နှံထားရှိငွေထက်ပို၍ ထုတ်ယူရန် သဘောတူညီခဲ့သည်။
6. Soon Kevin had gone over his **overdraft limit** and couldn't **withdraw** any more money.
မကြာမီ ကီဗင်သည် ယင်းကျော်လွန်ထုတ်ယူရန် ကန့်သတ်ချက်ကို ရောက်ရှိပြန်သဖြင့် နောက်ထပ်ငွေထုတ်၍ မရပြန်တော့ပေ။
7. And so he got a **credit card** with a £ 2000 credit limit.
ထို့ကြောင့် သူသည် ပေါင် ၂၀၀၀ ဖိုးအထိ (အကြွေး) ဝယ်ယူရရှိနိုင်သော 'ကတ်' ကို ရယူခဲ့ရပြန်၍ . . .
8. and went off to the Caribbean.
ကာရစ်ဘီယန်ပင်လယ်ကမ်းခြေသို့ (အပျော်ခရီး) သွားရောက်ခဲ့သည်။
9. Soon Kevin **was in** serious **financial difficulties.**
မကြာမီသူသည် ပြင်းထန်ဆိုးရွားသော ငွေကြေးအခက်အခဲများနှင့် တွေ့ကြုံခဲ့သည်။

mgyoe.com

mgyoe.com

10. He had to **borrow** money from his mother . . .

သူသည် သူ့အမေထံမှ ငွေချေးခဲ့ရတော့သည်နှင့် . . .

"All right, I'll **lend** you £ 10, but I want it back. Don't forget you already **owe** me £ 20."

"ကောင်းပြီ၊ ငါ မင်းကို ၁၀ ပေါင် ချေးမယ်။ ဒါပေမဲ့ ပြန်ဆပ်မှဖြစ်မယ် ကွနော်။ မင်း ငါ့ဆီက ပေါင် ၂၀ ချေးထားနှင့်တာကိုလည်း မမေ့နဲ့ဦးဟော့။

11. ... and get a second job to help him **pay off** his **debts.**

. . . သည့်နောက်မှာတော့ သူ၏အကြွေးများကို ပေးဆပ်နိုင်ရေးအတွက် ဒုတိယအလုပ်တစ်ခုကို လုပ်ရလေတော့သည်။

## Vocabulary

**ATM** [*n* C] AMERICAN a machine in the wall of a bank, shop etc that lets you take money out of your bank account using a special card: အထူးသီးသန့်ကတ်တစ်ခုကို အသုံးပြုလျက် ဘဏ်ရှိ သင်၏ ငွေစာရင်းထဲမှ ငွေထုတ်ယူနိုင်သည့် ဘဏ်တိုက်၊ စတိုးဆိုင်စသည်တို့၏ နံရံမှာ တပ်ဆင်ထားသောစက်

**bank account** (also **account**) [*n* C] if you have a bank account with a particular bank, you keep your money there, and take some out when you need it: သင်သည် တစ်ခုသောဘဏ်မှာ ငွေစာရင်းဖွင့်ထားသည်ဆိုသည်မှာ သင်၏ ငွေကြေးကို ထိုဘဏ်တွင် အပ်နှံထားရှိခြင်းဖြစ်သည်။ ငွေလိုသောအခါ၌ ထုတ်ယူနိုင်သည်။

**open a bank account** (= start a new bank account) ငွေစာရင်းအသစ်ဖွင့်သည်။

**bank card** [*n* C] a small plastic card given to you by the bank, which you show when you write a cheque, and which also lets you get money out of a cash point or ATM. A bank card can often also be used as a debit card: သင့်အား ဘဏ်တိုက်က ထုတ်ပေး


mgyoe.com

mgyoe.com

သော ပလပ်စတစ်ကတ်သေးသေးတစ်ခုဖြစ်၍ ချက် လက်မှတ်ရေးသောအခါ တွင် ပြသရသည်။ ထို့အပြင် ဘဏ်ထဲရှိ ငွေထုတ်ဌာန သို့မဟုတ် 'အေတီ အမ်' ငွေထုတ်စက်မှလည်း ဤကတ်ကို အသုံးပြု၍ ငွေထုတ်ယူနိုင်ရုံသာမက သင်က တစ်စုံတစ်ခုအတွက် ပေးချေလိုက်သောအခါတွင် ယင်းကတ်ကို တင်ပြ၍ ဘဏ်မှတိုက်ရိုက်ငွေထုတ်ယူနိုင်သောကတ်အဖြစ်လည်း အသုံးပြုနိုင် သည်။

**bank statement** [*n* C] a printed list that your bank sends you regularly, which shows what money you have paid into and taken out of your bank account: ပုံနှိပ်ဖော်ပြထားသည့် သင့်ဘဏ်က သင့်ထံသို့ ပုံမှန်ပေးပို့သောစာရင်းတစ်ခု။ သင်၏ အပ်ငွေစာရင်းထဲသို့ ငွေမည်မျှသွင်း၍ မည်မျှထုတ်ကြောင်း ဖော်ပြသည်။

**borrow** [*V* I/T] to use money that belongs to someone else which you must give back to them later: နောင်အခါတွင် ပြန်လည် ပေးရမည်ဖြစ်သော တစ်ဦးတစ်ယောက်၏ ငွေကြေးကိုရယူအသုံးပြုသည်။ ချေးယူသည်။ *I had to borrow $ 1000 to pay for the car.* ကျွန်ုပ်သည် ကားအတွက်ပေးချေရန် ဒေါ်လာ ၁၀၀၀ ချေးခဲ့ရသည်။

**borrow $100/£50/£1000 etc from sb** တစ်စုံတစ်ယောက်ထံမှ ဒေါ်လာ ၁၀၀/ ပေါင် ၅၀/ ပေါင် ၁၀၀၀ စသည်ဖြင့် ချေးယူသည်။ *He didn't have enough money for the air fare, so he borrowed $ 1000 from his parents.* သူ့တွင် လေယာဉ်ပျံခ လုံလောက်အောင် မရှိခဲ့ပေ။ ထို့ကြောင့် မိဘများထံမှ ဒေါ်လာ ၁၀၀၀ ချေးခဲ့သည်။

**cashpoint** [*n* C] BRITISH a machine in the wall of a bank, shop etc that lets you take money out of your bank account using a special card: အထူးသီးသန့် ကတ်တစ်ခုကို အသုံးပြုလျက် ဘဏ်ရှိ သင်၏ ငွေစာရင်းထဲမှ ငွေထုတ်ယူနိုင်သည့် ဘဏ်တိုက်၊ စတိုးဆိုင်စသည် တို့၏ နံရံမှာ တပ်ဆင်ထားသောစက်

mgyoe.com

mgyoe.com

**cash card** BRITISH **ATM card** AMERICAN [*n* C] a plastic card given to you by your bank, that you use to get money out of a cash point or ATM: သင် ငွေအပ်ထားသည့် ဘဏ်မှ သင့်ကိုပေးထားသော ပလပ်စတစ်ကတ်ဖြစ်၍ cashpoint သို့မဟုတ် ATM မှာ ယင်းကိုအသုံးပြုပြီး ငွေထုတ်သည်။

**cheque** BRITISH **check** AMERICAN [*n* C] a printed piece of paper that you get from your bank which you can write an amount on and use instead of money to pay for things. Your bank gives you several cheques in the form of a small book, called a **cheque book** or **check book**: သင်၏ ဘဏ်တိုက်မှ ရသော ပုံနှိပ်ထားသည့် စာရွက်တစ်ရွက်။ ထိုစာရွက်ပေါ်တွင် ငွေကြေးပမာဏကို ရေးသားဖော်ပြ၍ ပိုက်ဆံအစား အသုံးပြုနိုင်သည်။ သင်၏ ဘဏ်က သင့်အား စာအုပ်ငယ်သဏ္ဍာန်ချုပ်ထားသော စာအုပ်ကိုပေးထား၍ ယင်းကို 'ချက်စာအုပ်' ဟု ခေါ်သည်။

**+ for** + အတွက် *a check for $ 300* ဒေါ်လာ ၃၀၀ တန်ချက်လက်မှတ်တစ်စောင်

**pay by cheque/check** ချက်လက်မှတ်ဖြင့် ငွေပေးချေသည်။ *Can I pay by cheque?* ငါ ချက်လက်မှတ်ဖြင့် ငွေပေးနိုင်လား။

**credit card** [*n* C] a plastic card that you use to pay for things with money you borrow from a financial organization such as VISA or Master Card. A credit card lets you pay for things, and then pay what you owe to the organization later: ကရက်ဒစ်ကတ်နှင့် ပစ္စည်းများကို ဝယ်ယူလို့ရသည်။ ထို့နောက် မှ ကျသင့်ငွေကို ပေးဆပ်ရသည်။ *We accept all major credit cards.* ကျွန်ုပ်တို့သည် အားလုံးသောအဓိက ကရက်ဒစ်ကတ်များကို လက်ခံသည်။ *credit card fraud* (= dishonest use of credit cards) ကရက်ဒစ်ကတ်အတုကို လိမ်ညာအသုံးပြုခြင်း

**credit limit** [*n* c] the largest amount of money that you can borrow using your credit card: သင်၏ ကရက်ဒစ်ကတ်ကို အသုံးပြု၍ ချေးယူနိုင်သည့်အများဆုံးသော ငွေကြေးပမာဏ

mgyoe.com

**debit card** [*n* U] a plastic card that you can use to pay for things, which allows the money to be taken directly from your bank account: ပစ္စည်းများ ဝယ်ယူသည့်အခါတွင် အသုံးပြုပေးဆောင်နိုင်သော ပလပ်စတစ်ကတ်။ ယင်းကတ်ကို သင်၏ ငွေစာရင်းရှိသည့်ဘဏ်တိုက်တွင် ပြသပြီးငွေတိုက်ရိုက် ထုတ်ယူနိုင်သည်။

**debts** [*n* plural] the amount of money that you owe to a person or a bank: လူတစ်ယောက် သို့မဟုတ် ဘဏ်တိုက်တစ်တိုက်သို့ ပေးဆပ်ရန်ရှိသော ချေးငွေ

**have debts** အကြွေးပေးဆပ်ရန်ရှိသည်။ *The company has debts of around $ 1000 million.* ကုမ္ပဏီသည် ဒေါ်လာသန်း ၁၀၀၀ ဝန်းကျင်ကြွေးဆပ်စရာရှိသည်။

**be in financial difficulties** to have serious problems with money, because you have spent more money than you have, and you owe money to a person or the bank: သင်သည် သင့်မှာရှိသည်ထက် ငွေကိုပိုမိုသုံးစွဲထားသဖြင့် လူတစ်ဦးတစ်ယောက် သို့မဟုတ် ဘဏ်တိုက်သို့ အကြွေးပေးဆပ်ရန် ရှိနေသောကြောင့် အကြီးအကျယ်ငွေကြေး အခက်အခဲများ ပြဿနာများနှင့် ရင်ဆိုင်နေရသည်။

**get/go into debt** to get into a situation in which you owe a lot of money: ငွေကြေး အမြောက်အမြားကြွေးတင်နေသည့် အခြေအနေတွင် ရှိသည်။

**get money out** to get money from your bank account by using a cashpoint or ATM, or by going into a bank: ငွေထုတ်စက်မှဖြစ်စေ၊ ဘဏ်တိုက်သို့ သွားရောက်၍ဖြစ်စေ သင်၏ အပ်ငွေစာရင်းထဲမှ ငွေထုတ်ယူသည်။

**good with money** good at managing your money and making sure that you do not spend more than you can afford: ကြေးငွေကိုကောင်းစွာစီမံကိုင်တွယ် အသုံးချနိုင်သည့်အပြင် မိမိအကုန်အကျခံနိုင်စွမ်းရှိသည်ထက် ပိုမိုမကုန်အောင်ကောင်းစွာ စွမ်းဆောင်နိုင်သော

mgyoe.com

**not very good with money** (= not able to control the way you spend the money, so that you spend more money than you have) ကြေးငွေကို စနစ်တကျ နည်းလမ်းမှန်စွာ သုံးစွဲနိုင်စွမ်းမရှိသဖြင့် ရှိတာထက်သာလွန်သုံးစွဲသော

**lend** [*v* T] to give someone money, but only if they agree to give it back to you at a later time: နောင်တွင် ပြန်ပေးဆပ်ရန်သဘောတူညီသောကြောင့်တစ်စုံတစ်ယောက်ကို ပိုက်ဆံပေးသည်။ ငွေချေးသည်။

**lend sb $ 50/ £ 100 etc** တစ်စုံတစ်ယောက်ကို ဒေါ်လာ ၅၀/ပေါင် ၁၀၀ စသည်ဖြင့် ချေးသည်။ *The bank has already lent the company $ 50 million.* ဘဏ်တိုက်က ကုမ္ပဏီကို ဒေါ်လာ သန်း ၅၀ ချေးပြီးပြီ။

*Can you lend me five pounds till tomorrow?* မင်း ငါ့ကို မနက်ဖြန်အထိ ငါးပေါင်ချေးနိုင်မလား။ (နက်ဖြန်ပြန်ဆပ်မည်။)

**overdraft** [*n* C] BRITISH an amount that you owe your bank, when you have spent more money that you have in your account: မိမိ၏ ဘဏ်စာရင်းမှာ ရှိသည့်ငွေထက် ပိုမိုထုတ်ယူမိ၍ ဘဏ်ကို မိမိက သွင်းရန် (ဝါ) ပေးဆပ်ရန်ရှိသော ငွေပမာဏ

**have a £50/ $ 300 overdraft** (= when you owe the bank this amount of money) ဘဏ်တိုက်သို့ ဤ ငွေပမာဏ ငွေသွင်းပေးဆပ်ရန်ရှိသည်။ *I've got a £ 200 overdraft.* ကျွန်ုပ်သည် ပေါင် ၂၀၀ ငွေသွင်းပေးဆပ်ရန်ရှိသည်။

**give sb an overdraft** (= when a bank agrees to let someone have an overdraft) ဘဏ်တိုက်တစ်ခုက တစ်ယောက်ယောက်ကို ဘဏ်၌ အပ်နှံထားငွေ (ဝါ) ဘဏ်စာရင်းတွင် ရှိငွေထက်ပိုမိုထုတ်ယူရန် သဘောတူခွင့်ပြုသည်။ *The bank manager gave me an overdraft.* ဘဏ်မန်နေဂျာက ကျွန်ုပ်ကို ဘဏ်စာရင်းတွင်ရှိငွေထက် ပိုမိုထုတ်ပေးခဲ့သည်။

**overdraft limit** [*n* C] the largest amount of money that the bank has agreed to lend you: ဘဏ်တိုက်က သင့်ကိုထုတ်ချေးရန် သဘောတူညီသည့်အများဆုံးသော ငွေပမာဏ

mgyoe.com

mgyoe.com

**go over your draft limit** (= spend more money than the bank has agreed to lend you) ဘဏ်က သင့်ကိုချေးရန်သဘောတူညီသော ငွေထက်သာလွန်သုံးစွဲသည်။

**overdrawn** [*adj* not before noun] if you are **overdrawn**, you have spent more money than you have in your bank account, so that you owe the bank money: သင်သည် ~ ဖြစ်လျှင် ဘဏ်စာရင်းရှိ သင်၏ငွေထက် ပိုမိုသုံးစွဲထားပြီဖြစ်သောကြောင့် ဘဏ်တိုက်သို့ ကြွေးဆပ်ပေးသွင်းရန် လိုအပ်နေပြီ ဖြစ်သည်။

**be £ 30/ $ 80 overdrawn** (= owe the bank £30/$80) ဘဏ်သို့ ပေါင် ၃၀၊ ဒေါ်လာ ၈၀ ပေးဆပ်ရန် ရှိသည်။

**owe** [*v* T] if you owe someone money, they have lent you money and you have not yet given it back to them: သင်က တစ်စုံတစ်ယောက်ကို ငွေပေးဆပ်ရန် ရှိသည်ဆိုသည်မှာ သူတို့က သင့်ကို ငွေချေးထား၍ သူတို့ကိုသင်က ချေးငွေပြန်လည် မပေးဆပ်ရသေးဟု ဆိုလိုသည်။ ကြွေးဆပ်ရန်ရှိသည်။

**owe sb £15/$50 etc** တစ်စုံတစ်ယောက်ကို ၁၅ ပေါင်/ဒေါ်လာ ၅၀ စသည်ဖြင့် ပေးဆပ်ရန်ရှိသည်။ *Kevin owes his mother £ 30.* ကီဗင်သည် သူ၏အမေကို ပေါင် ၃၀ ပေးဆပ်ရမည်ဖြစ်သည်။

**pay off** [*phrasal verb* T] to pay all the money that you owe: သင့်အပေါ်တွင် တင်ရှိနေသော ကြွေးအားလုံးကို ပေးဆပ်သည်။

**pay off your debts/overdraft/credit card** အကြွေးများ/ဘဏ်က သင့်ကို ထုတ်ချေးထားသောငွေများ/ ကြွေးဝယ်ကတ်ဖြင့်ဝယ်ထားသော ငွေများကို အကြေအလည် ပေးဆပ်သည်။ *I've almost paid off my debts.* ငါ့ကြွေးတွေအားလုံးနီးပါး ပေးဆပ်ပြီးပြီ။

**withdraw** [*v* T] if you **withdraw** money, you get it out of your bank account: ငွေ ~ ဆိုသည်မှာ ဘဏ်ငွေစာရင်းရှိ သင်၏ ငွေကိုထုတ်ယူ

mgyoe.com

mgyoe.com

ခြင်း ဖြစ်သည်။ *You can withdraw up to £100 a day.* သင်သည် တစ်နေ့ ပေါင် ၁၀၀ အထိ ထုတ်ယူနိုင်သည်။

## BEAUTIFUL ⊙

### လှပသော

⇒ UGLY အရုပ်ဆိုးသော

opposite ဆန့်ကျင်

### 1 women

**မိန်းမများ၊ အမျိုးသမီးများ**

**beautiful** [*adj*] use this about a woman who is extremely attractive in a way that is fairly unusual and special, so that people notice and admire her: လူများက နှစ်သက်သဘောကျစေလောက်အောင် ထူးထူးခြားခြားလှပ၍ သူ့နည်းနှင့်သူ မကြုံစဖူး ဆွဲဆောင်သော အမျိုးသမီးတစ်ယောက်နှင့်ပတ်သက်ပြီး သုံးပါ။ *a beautiful woman with long black hair and green eyes* ရှည်လျားမည်းနက်သောဆံပင်၊ မျက်လုံးစိမ်းတို့နှင့် လှပသော အမျိုးသမီး *Karen was more beautiful than I had remembered.* ကာရင်သည် ငါမှတ်မိတာထက် ပိုမိုလှပခဲ့သည်။ (ဘယ်လောက်အထိ လှသည်ဟုပင် မမှတ်မိတော့။ ပြောမပြနိုင်လောက်အောင် လှပခဲ့သည်။) *She has a beautiful smile.* သူမတွင် အပြုံးလှလှရှိသည်။

**good-looking** [*adj*] use this about a woman who is nice to look at and has an attractive face and body: ကြည့်လို့ကောင်း (ကြော့ရှင်း၍ယဉ်) သည့်အပြင် ဆွဲဆောင်သော မျက်နှာနှင့် ကိုယ်ခန္ဓာရှိသည့် အမျိုးသမီးတစ်ယောက်ကို အထူးပြုပါ။ *Ginny was tall and good-looking.* ဂျင်နီသည် အရပ်ရှည်၍ ကြည့်ကောင်းသည်။ *A good-looking woman dressed in black came into the room.* အဝတ်အစား

mgyoe.com

အနက် ဝတ်ဆင်ထားသည့် ကြည့်ကောင်းသားနားသော အမျိုးသမီး တစ်ယောက် အခန်းထဲသို့ ဝင်ရောက်လာခဲ့သည်။ *She seems to get better-looking the older she gets.* သူမသည် အသက်ကလေး ထောက်လာလေ ပိုမိုကြော့ရှင်းကြည့်ကောင်းလာလေ ဖြစ်ပုံပေါ်သည်။

**pretty** [*adj*] use this about a young woman or girl who has an attractive face and is good-looking, but not in an unusual way: ဆွဲဆောင်၍ ကြည့်ကောင်းသောမျက်နှာရှိသည့် အမျိုးသမီး သို့မဟုတ် မိန်းကလေးကို အထူးပြုရာမှာသုံးပါ။ သို့သော် ထူးထူးခြားခြား ပြောစမှတ်ပြုလောက်သူတော့ မဟုတ်ပေ။ ရွက်ကြမ်းရေချို ကြည့်ပျော်ရှုပျော် အဆင့်လောက်မှာသာရှိသည်။ ကြည့်ကောင်း-ကျက်သရေရှိ-ယဉ်သော *Maureen's really pretty, isn't she?* မော်ရင်းဟာ တကယ်ပဲ ကြော့ကြော့ရှင်းရှင်းဖြစ်တယ်နော်-မဟုတ်ဘူးလား။ *a pretty girl in white jeans* အဖြူရောင်ဂျင်းဘောင်းဘီရှည်နဲ့ မကြော့ရှင်းလေး *She has a pretty face.* သူမမှာ ကြော့ရှင်းသိမ်မွေ့တဲ့မျက်နှာရှိတယ်။

**attractive** [*adj*] use this about a woman who is good-looking in a way that makes people sexually interested in her: လူများက သူမကို ကာမဂုဏ်စိတ်ဖြင့် စိတ်ဝင်စားစေသော နည်းမျိုးဖြင့် ကြည့်ကောင်းသည့် အမျိုးသမီးကို အထူးပြုရာမှာသုံးပါ။ ဆွဲဆောင်သော၊ စွဲမက်စရာကောင်းသော *Frances was a charming and attractive girl.* ဖရန်စီစ်သည် ဆွဲဆောင်၍ စွဲမက်စရာကောင်းသော မိန်းကလေးတစ်ယောက် ဖြစ်ခဲ့သည်။ *Your wife's a very attractive woman.* သင်၏ဇနီးသည် အလွန်ဆွဲဆောင်သော အမျိုးသမီးတစ်ယောက်ဖြစ်သည်။

**find sb attractive** တစ်စုံတစ်ယောက်ကို ဆွဲဆောင်ကြောင်း တွေ့ရှိရသည်။ *A lot of men find plump women attractive.* ယောကျ်ားအများအပြားသည် ပြည့်ဖြိုးသော အမျိုးသမီးများကို ဆွဲဆောင်သည်ဟု ခံယူကြသည်။

**nice-looking** [*adj*] ESPECIALLY SPOKEN use this about a woman who looks pleasant and friendly but is not extremely

mgyoe.com

pretty: နှစ်လိုဖွယ်ရှိ၍ ခင်မင် ရင်းနှီးပုံပေါ်သော အမျိုးသမီးတစ်ယောက်ကို အထူးပြုရာတွင် သုံးပါ။ သို့သော် သူမသည် အထူးတလည် နှစ်လိုဖွယ် ကြော့ယဉ်ခြင်းမရှိပေ။ *A nice-looking girl was walking her dog in the park.* နှစ်လိုဖွယ်ရှိ၍ ခင်မင်တတ်ပုံပေါ်သော မိန်းကလေးတစ်ယောက် သူမ၏ခွေးကို ပန်းခြံထဲမှာ လမ်းလျှောက်ပေးနေခဲ့သည်။

**cute** [*adj*] INFORMAL ESPECIALLY AMERICAN use this about girl or young woman who is pretty and sexually attractive: ကြော့ကြော့မော့မော့ရှိ၍ ကာမဂုဏ်စိတ်ကို နှိုးဆွပေးနိုင်အောင် ဆွဲဆောင်သော မိန်းကလေး သို့မဟုတ် မိန်းမငယ်တစ်ယောက်ကို အထူးပြုရာမှာသုံးပါ။ *Do you like Jill Anderson? I think she is cute.* မင်း ဂျိလ်အင်ဒါဆင်ကို သဘောကျသလား။ သူမက ကာမဂုဏ်စိတ်ကို နှိုးဆွ ဆွဲဆောင်နိုင်တယ်လို့ ငါထင်တယ်။

**gorgeous** [*adj*] ESPECIALLY SPOKEN use this to emphasize that a woman is extremely attractive, in a sexual way:အမျိုးသမီးတစ်ယောက်တုန့်နိုင်းမရလောက်အောင် ကာမဂုဏ်အာရုံကို ဆွဲဆောင်ကြောင်း အလေးအနက်ပြုရာတွင် သုံးပါ။ *That woman in 'Baywatch', I think she's gorgeous.* 'ဘေးဝပ်ချ်' ထဲက ဟိုအမျိုးသမီးကတော့ဟော့ . . . အံ့မခန်းကာမဂုဏ်စိတ်ကို ဆွဲဆောင်တယ် လို့ ငါထင်တယ်။

**look gorgeous** တုန့်နိုင်းမရအောင် ကာမဂုဏ်စိတ်ကို ဆွဲဆောင်နိုင်ပုံပေါ်သော*Ursula, you look absolutely gorgeous in that dress!* အာဆူလား. . . နင် အဲဒီအဝတ်အစားနဲ့ သိပ်စားတာ ဆွဲတာပဲဟော့။

**glamorous** [*adj*] use this about woman who looks like a beautiful actress or film star, and has an attractive body and wears expensive clothes: လှပချောမောသော ရုပ်ရှင်မင်းသမီးတစ်ယောက်နှင့်တူ၍ ဆွဲဆောင်ညှို့စားနိုင်သော ခန္ဓာကိုယ်မျိုးရှိပြီးလျှင် အဖိုးတန် အဝတ်အစားများကို ဝတ်ဆင်သည့် အမျိုးသမီးတစ်ဦးကို အထူးပြုရန်သုံးပါ။


mgyoe.com

mgyoe.com

*Princess Diana is still one of the world's most glamorous women.* ဒိုင်ယာနာမင်းသမီးသည် ကမ္ဘာ့လှပသားနား၍ ဆွဲဆောင်နိုင်ဆုံး အမျိုးသမီးများထဲတွင် တစ်ယောက်ဖြစ်ဆဲပင်။ *The picture showed a glamorous young woman sitting in a sports car.* ပြိုင်ကားတစ်စင်းထဲ၌ ထိုင်နေသော လှပသားနားဆွဲဆောင်သည့် မိန်းမငယ်တစ်ယောက်ကိုပန်းချီကားက ဖော်ပြခဲ့သည်။

**stunning** [*adj*] use this about a woman who is extremely beautiful, and sexually attractive, in a way that everyone notices and admires: လူတိုင်းက တွေ့မြင်အသိအမှတ်ပြု အံ့ဩမကုန် ဖြစ်ရလောက်အောင် လှပချောမောသည့် အပြင် ကာမဂုဏ်စိတ်ကို တက်ကြွလှုပ်ရှားစေနိုင်သော အမျိုးသမီးတစ်ယောက်ကို အထူးပြုရာမှာ သုံးပါ။ *stunning French actress Juliette Binoche* အံ့မခန်းလှပ၍ စိတ်ကိုလှုပ်ရှားစေနိုင်သော ပြင်သစ်ရုပ်ရှင်မင်းသမီး ဂျူးလီးယက်ဘိုင်နိုချီ

**look stunning** အံ့မခန်းလှပ၍ စိတ်လှုပ်ရှားစေနိုင်သော *Berth looked stunning in a beautiful green silk dress.* ဘတ်သ်သည် လှပသော အစိမ်းရောင်ပိုးအင်္ကျီဖြင့် စိတ်လှုပ်ရှားစရာ အစွမ်းကုန် လှပနေခဲ့သည်။

**elegant** [*adj*] use this about woman who is tall and attractive, and wears clothes that look good: အရပ်မြင့်မား စွဲမက်စရာကောင်း၍ ဝတ်ကောင်းစားလှများကို ဆင်မြန်းသောအမျိုးသမီးတစ်ယောက်ကို အထူးပြုပါ။ *An elegant young woman sat at the next table, sipping cocktail.* ရှည်သွယ်စွဲမက်ဖွယ်သားနားလှပသော အမျိုးသမီးငယ်တစ်ယောက် အခြားစားပွဲ၌ထိုင်ရင်း ယမကာရောစပ်ထားသည့် အချိုရည် အေးမွှေးကို စုပ်သောက်နေသည်။

**look elegant** စွဲမက်စရာကောင်း၍ ရှည်သွယ်လှပပုံပေါ်သော *a woman in a well-cut navy coat who, despite the rain, still looked elegant* ပုံကျကျ အပြာရင့်ရောင် ကုတ်အင်္ကျီကိုဝတ်ဆင်ထားသည့် မိုးရွာနေသော်လည်းရှည် သွယ်သွယ်ဖြင့် လှပစွဲမက်စရာကောင်းနေဆဲ ဖြစ်သော အမျိုးသမီးတစ်ယောက်

mgyoe.com

mgyoe.com

## 2 men

**ယောက်ျားများ၊ အမျိုးသားများ**

**good-looking** [*adj*] use this about a man who is nice to look at: ရုပ်ရည်သန့်သော၊ ကြည့်ကောင်းသော၊ ဥပဓိရုပ်ကောင်းသော လူတစ်ယောက်ကို အထူးပြုရန်သုံးပါ။ *A tall good-looking man asked me if I wanted to dance.* ကျွန်မ ကချင်ပါသလားဟု အရပ်ရှည်ရှည် ရုပ်ရည်သန့်သန့် လူတစ်ယောက်က မေးခဲ့သည်။ *She showed me a photo of a good-looking young soldier.* သူမက ကျွန်ုပ်ကို ရုပ်ရည်သားနားသောလူငယ်စစ်သားတစ်ယောက်၏ ဓာတ်ပုံတစ်ပုံကို ပြသခဲ့သည်။

**attractive** [*adj*] use this about a man who is good-looking in a way that makes people sexually interested in him: ကာမဂုဏ်အာရုံ တက်ကြွလှုပ်ရှားလာစေသည့် နည်းမျိုးဖြင့်ဥပဓိရုပ်ကောင်းသူတစ်ယောက်ကို အထူးပြုရန် သုံးပါ။ *He was a tall attractive man in his mid-forties.* သူသည် လေးဆယ်ကျော် အလယ်ပိုင်းအရွယ်ဖြစ်ပြီး အရပ်ရှည်၍ ဆွဲဆောင်သော ရုပ်ရည်ရှိသူတစ်ယောက်ဖြစ်ခဲ့သည်။ (အသက်ကို အကြမ်းဖျင်းပြောရာ၌ in his forties- လေးဆယ်ကျော်- ၄၁ မှ ၄၉။ in his early forties - လေးဆယ်ကျော်အစောပိုင်း ၄၁ မှ ၄၃။ in his mid forties လေးဆယ်ကျော်အလယ်ပိုင်း ၄၄ မှ ၄၆။ in his late forties လေးဆယ်ကျော် နှောင်းပိုင်း - ၄၇ မှ ၄၉)

**find sb attractive** ဆွဲဆောင်နိုင်သူတစ်ယောက်ဖြစ်ကြောင်း တွေ့ရှိရသည်။ *I don't find those body-builders with huge muscles attractive.* ကြွက်သားကြီးတွေ အဖုလိုက် အထစ်လိုက်နဲ့ ဟိုကာယဗလမောင်တွေကို လှပ ဆွဲဆောင်တယ်လို့ ငါမထင်ဘူး။

**cute** [*adj*] INFORMAL ESPECIALLY AMERICAN use this about a young man who looks nice and is sexually attractive: ရုပ်ရည်သားနားပြီး ကာမဂုဏ်စိတ်ကို တက်ကြွလှုပ်ရှားစေနိုင်သော လူငယ်

mgyoe.com

mgyoe.com

တစ်ယောက်ကို အထူးပြုရန်သုံးပါ။ *I don't know why she won't go out with him. I think he's kind of cute.* သူမ သူနဲ့ဘာကြောင့် အပြင်ထွက်မလည်တာလဲ ငါမသိဘူး။ သူဟာ ရုပ်ရည်သားနားပြီး ဆွဲဆောင်နိုင်တယ်လို့ ငါ ထင်တယ်။

**gorgeous** [*adj*] ESPECIALLY SPOKEN use this to emphasize that a man is extremely attractive in a sexual way: ကာမဂုဏ်စိတ်တက်ကြွလှုပ်ရှားစေရာ၌ အလွန်ဆွဲဆောင်နိုင်ကြောင်း လူတစ်ယောက်အကြောင်း အလေးအနက်ပြုလိုသော အခါမှာ သုံးပါ။ *Look at that guy over there. Isn't he gorgeous?* ဟောဟိုက ပုဂ္ဂိုလ်ကို ကြည့်စမ်း။ စိတ်လှုပ်ရှားဝင်စားစရာ မကောင်းဘူးလား။

**handsome** [*adj*] ESPECIALLY WRITTEN use this about a man who is good - looking, especially one who is tall and strong-looking: ရုပ်ရည်သန့်၍ ကြည့်ကောင်းသော အမျိုးသားတစ်ယောက်ကို အထူးပြုရန် သုံးပါ။ အထူးသဖြင့် အရပ်အမောင်းကောင်း၍ ချောမောသော *Richard was a handsome man with a lot of charm.* ရစ်ချတ်သည် နှစ်သက်စရာ ဆွဲဆောင်နိုင်စွမ်းရှိသည့် လူချောတစ်ယောက် ဖြစ်ခဲ့သည်။ *My brother was two years older than me, taller, and more handsome.* ငါ့အစ်ကိုက ငါ့ထက်နှစ်နှစ်ကြီးခဲ့တယ်။ ပိုမြင့်ပြီး ပိုလို့လည်း ချောမောတယ်။

**look handsome** ချောမော(ဟန်ရှိ) သည်။ *He looks really handsome in his uniform, doesn't he?* သူဟာသူ့ရဲ့ယူနီဖောင်း (တူညီဝတ်စုံ) နဲ့ တကယ်ပဲ ချောတယ်နော် မချောဘူးလား။

> ⚠ Use **handsome** especially in writing stories and descriptions.

အထူးသဖြင့် ဝတ္ထုများနှင့် သရုပ်ဖော်ဇာတ်လမ်းများရေးသားရာမှာ ယင်းစကားကို သုံးပါ။


mgyoe.com

mgyoe.com

○ **nice-looking** [*adj*] ESPECIALLY SPOKEN use this about a man who looks pleasant and friendly but is not extremely attractive: ကောင်းမွန်၍ ခင်မင်ရင်းနှီးပုံပေါ်သော လူတစ်ယောက်ကို အထူးပြုရာတွင် သုံးပါ။ သို့သော် ထူးထူးခြားခြား ဆွဲဆောင်နိုင်သူတော့ မဟုတ်ပေ။ *I suppose he's quite nice-looking, but he's not my type.* သူသည် ခင်မင်ကောင်းမွန်ပုံတော့ပေါ်ပါသည်။ သို့သော် ကျွန်တော့်ပုံစံမျိုးတော့ မဟုတ်ပါ။

## 3 children

### ကလေးများ

**beautiful** [*adj*] use this about a child who is good-looking that everyone notices and admires him or her: လူတိုင်းက သူ သို့မဟုတ် သူမကို သတိပြုမိ ချစ်ခင်ရလောက်အောင် လှပသောကလေးတစ်ယောက်ကို အထူးပြုရန်သုံးပါ။ *Parents always think their baby is the most beautiful baby in the world.* မိဘများကသူတို့၏ သားသမီးသည် ကမ္ဘာပေါ်တွင် အလှဆုံးကလေးဖြစ်သည်ဟု အမြဲတမ်း မှတ်ယူကြသည်။ *On her desk there was a photograph of two beautiful children.* သူမ၏ စာရေးစားပွဲပေါ်၌ လှပသောကလေးနှစ်ယောက်၏ ဓာတ်ပုံဘစ်ပုံ ရှိခဲ့လေသည်။

**lovely** [*adj*] use this about a child who looks nice and has pleasant, friendly character: ကောင်းမွန်ပုံပေါ်ပြီး ခင်မင်နှစ်သက်စရာ စိတ်နေစိတ်ထားရှိသောကလေး တစ်ယောက်ကို အထူးပြုရန်သုံးပါ။ ချစ်စရာကောင်းသော *They have got three lovely kids.* သူတို့မှာ ချစ်စရာကောင်းသော ကလေးသုံးယောက်ရှိသည်။ *Rosie's a lovely baby.* ရိုစီသည် ချစ်စရာကောင်းသော ကလေးတစ်ယောက်ဖြစ်သည်။

**look lovely** ချစ်စရာကောင်း(ပုံပေါ်)သည်။ *Don't the Schultz sisters look lovely?* ရှုးလ်ဇ် ညီအစ်မတွေ ချစ်စရာမကောင်းဘူးလား။

mgyoe.com

mgyoe.com

⚠ Don't say 'very lovely'. Just say lovely.

very ဖြင့် အထူးပြု၍ မပြောနှင့်။ lovely ဟူ၍သာသုံးပါ။

**cute** *[adj]* INFORMAL use this about a child who looks attractive and has a happy or amusing character: ပျော်တတ်သော သို့မဟုတ် ရွှင်မြူးတတ်သော စိတ်နေစိတ်ထားရှိပြီး ဆွဲဆောင်နိုင်ပုံပေါ်သည့် ကလေးတစ်ယောက်ကို အထူးပြုရန် သုံးပါ။ *He's really naughty, but he's so cute.* သူ တကယ်ပဲ နားမထောင် (ခေါင်းမာသော) ဘူး။ ဒါပေမဲ့ သဘောကျစရာ ကောင်းပါတယ်။ *You were such a cute baby!* မင်း ငယ်ငယ်တုန်းက သိပ်ချစ်စရာကောင်း(ခဲ့)တာ။

**look cute** ဆွဲဆောင်သည်၊ နှစ်လိုဖွယ်ဖြစ်သည်။ *Doesn't he look cute in his baseball cap?* သူရဲ့ ဘေ့စ်ဘောဦးထုပ်နဲ့ ချစ်စရာ မကောင်းဘူးလား။

## 4 animals
## တိရစ္ဆာန်များ

**beautiful** *[adj]* use this about animals that look extremely attractive and impressive: မကြုံစဖူးဆွဲဆောင်နိုင်ရုံမက စိတ်ထဲတွင် စွဲထင်ကျန်ရစ်စေလောက်အောင် လှပချောမောသော တိရစ္ဆာန်များကို အထူးပြုရာတွင် သုံးပါ။

**beautiful bird/horse/animal/feathers/fur etc** လှပသောငှက်/မြင်း/တိရစ္ဆာန်/ငှက်တောင်မွေးများ/သားမွေးစသည် *A beautiful grey horse trotted up to the gate.* လှပသော မွဲပြာရောင်မြင်းတစ်ကောင်သည် ဝင်းတံခါးပေါက်အရောက် ကြော့ကြော့မော့မော့ မပြေးမနှေးအသားကျ ပြေးသွားခဲ့သည်။

**cute/sweet** *[adj]* use this about pets and baby animals that look nice in a way that makes people want to look after it:

mgyoe.com

လူတွေက သူတို့ကိုမွေးမြူယုယချင်စိတ် ဖြစ်လာစေသည့် နည်းမျိုးဖြင့် လှပချောမောသော တိရစ္ဆာန်ငယ်ကလေးများနှင့် အိမ်မွေးတိရစ္ဆာန်လေးများကို အထူးပြုရာမှာသုံးပါ။ လှသော၊ ချစ်စရာကောင်းသော

**+ kitten/puppy/dog/baby bird etc** + ကြောင်ကလေး/ ခွေးကလေး/ ခွေး/ငှက်ကလေး စသည် *She has a funny little dog - he's really sweet.* သူမတွင် ရယ်စရာကောင်းသော ခွေးသေးသေးတစ်ကောင်ရှိသည်။ သူသည် အမှန်ပင် ချစ်စရာကောင်းသည်။

**magnificent** [*adj*] use this about animal and large birds that are very beautiful and impressive because they are large and strong or beautifully coloured: သူတို့သည် ကြီးမားသန်စွမ်း သို့မဟုတ် အရောင်အသွေးများပေါ်လွင် နှစ်သက်ဖွယ်ဖြစ်သောကြောင့် အလွန်လှပခန့်ထည်သော တိရစ္ဆာန်များနှင့် ငှက်ကြီးများကို အထူးပြုရာတွင် သုံးပါ။ လှပခန့်ထည်သော *The horse was magnificent creature with gleaming jet black coat.* မြင်းကြီးသည် တောက်ပသော မဟူရာဝတ်ရုံနက်ကြီးနှင့်မို့ လှပထည်ဝါသည့် သတ္တဝါ တစ်ကောင် ဖြစ်ခဲ့သည်။ *a magnificent golden eagle* လှပခန့်ထည်သော ရွှေလင်းယုန် *The Siberian Tiger is magnificent.* ဆိုက်ဘေးရီးယန်းကျားသည် လှပခန့်ညားသည်။

## 5 things/ buildings

## အရာဝတ္ထုများ၊ အဆောက်အအုံများ

**beautiful** (also **lovely** ESPECIALLY BRITISH) [*adj*] use this about things or buildings that look extremely good, and give you a feeling of pleasure: အထူးတလည်ကောင်းမွန်သော အသွင်ကိုဆောင်နေသည့်အပြင် သင့်အား ကြည်နူးမှုခံစားချက်ကို ပေးစွမ်းနိုင်သော အရာများနှင့် အဆောက်အအုံများကို အထူးပြုရာမှာသုံးပါ။ *a beautiful painting* လှပသော ပန်းချီကားတစ်ချပ် *"Do you like the house?"*

mgyoe.com

mdyoe.com

မင်း အိမ်ကို ကြိုက်သလား။ *"Like it? It is beautiful."* ကြိုက်သလား-ဟုတ်လား။ သိပ်လှ သိပ်သဘောကျတယ်။ (ကြိုက်တာထက်ပိုကြောင်း အလေးအနက်ပြုလိုခြင်း ဖြစ်သည်။) *Thanks for the flowers - they're lovely!* ပန်းတွေအတွက် ကျေးဇူးတင်ပါတယ်။ သိပ်ချစ်စရာကောင်းပဲ။ *one of Europe's loveliest churches* ဥရောပတိုက်၏ ချစ်စရာအကောင်းဆုံး ခရစ်ယာန်ဘုရားရှိခိုးကျောင်းတွေထဲက တစ်ခု

**beautifully** [*adv*] လှပစွာ *a beautifully decorated house* လှပစွာ မွမ်းမံပြင်ဆင်ထားသော အိမ်တစ်လုံး *The presents were all beautifully wrapped in pink tissue papers.* လက်ဆောင်ပစ္စည်းအားလုံးကို ပျော့ပျောင်းသော ပန်းရောင်စက္ကူပါးဖြင့် လှပစွာ ထုပ်ထားခဲ့သည်။

**pretty** [*adj*] use this about objects that are small and delicate, or things in your home such as curtains and carpets: သေးငယ်၍ နူးညံ့သော အရာဝတ္ထုကလေးများ သို့မဟုတ် သင်၏အိမ်တွင်းရှိ ခန်းဆီး ကော်ဇော စသည့်အရာများကို အထူးပြုရန်သုံးပါ။*pretty wallpaper with yellow flowers on it* အဝါရောင်ပန်းပွင့်တွေနဲ့ သဘောကျနှစ်သက်စရာ နံရံကပ်စက္ကူ *What a pretty vase!* ဘယ်လောက်ချစ်စရာ စားပွဲတင် ပန်းအိုးလေးလဲ။

**magnificent** [*adj*] very beautiful and impressive - use this about large and impressive buildings or pieces of furniture, especially old ones: အလွန်လှပ၍ ထည်ဝါခန့်ညားသော။ ကြီးမားထည်ဝါ ခန့်ညားသော၊ အထူးသဖြင့် ရှေးဟောင်းအဆောက်အအုံများ သို့မဟုတ် အိမ်ထောင်ပရိဘောဂများနှင့်ပတ်သက်၍ သုံးပါ။*The room is dominated by a magnificent four poster bed.* အခန်းကို ထည်ဝါလှပသော ခြေလေးချောင်းထောက်ကုတင်ကြီးက ကြီးစိုးထားသည်။ a magnificent 15th century castle လှပခန့်ညားသော ၁၅ ရာစုနှစ် ရဲတိုက်ကြီး

mdyoe.com

mgyoe.com

**gorgeous** [*adj*] ESPECIALLY SPOKEN use this about beautiful things that you admire very much: သင် အလွန် ချီးမွမ်း နှစ်သက်သဘောကျသောလှပသည့် အရာဝတ္ထုများကို အထူးပြုရာတွင် သုံးပါ။ gorgeous dress/coat/colour etc အလွန်လှပ၍ နှစ်သက်စရာကောင်းသောအဝတ်အစား/ကုတ်အင်္ကျီ/ အရောင်အသွေးစသည် *I love your dress! It's such a gorgeous colour!* ငါ နင့်အင်္ကျီကို အရမ်းချစ်ပဲဟော့။ အရောင်အသွေးက အရမ်းလှတာ။ *The apartment had been furnished in rich, deep colours and gorgeous fabrics.* 'တိုက်ခန်းစုံ' ကို နှစ်သက်သဘောကျချင်စရာကောင်းလှ၍ အရောင်အသွေးရင့်ရင့် ခန်းဆီးကန့်လန့်ကာစသည့် အဖိုးတန်အထည်အလိပ်များဖြင့် မွမ်းမံအလှဆင်ထားသည်။

**exquisite** [*adj*] very beautiful - use this about jewellery or small things that have been designed with great care and made with a lot of skill: အထူးတလည် လှပသော။ ကျောက်မျက်ရတနာ လက်ဝတ်တန်ဆာများ သို့မဟုတ် သေးငယ်သောအရာများ၏ လှပကောင်းမွန်မှုကို ဖော်ကျူးရာမှာ သုံးပါ။ ယင်းလက်ဝတ်ရတနာ စသည့် ပစ္စည်းများကို ဂရုတစိုက် ပုံစံထုတ်ကာ အထူးကျွမ်းကျင်စွာဖြင့် ပြုလုပ်ထားခြင်းဖြစ်သည်။ *an exquisite handcarved ivory brooch* လက်ဖြင့်ထွင်းထုထားသော အလွန်လှပကောင်းမွန်သည့် ဆင်စွယ်ရင်ထိုးတစ်ခု *There's a little courtyard with fountains and orange trees - it's really exquisite.* ရေပန်းတွေနဲ့ လိမ္မော်ပင်တွေရှိတဲ့ ကွက်လပ် ခြံဝင်းကလေးတစ်ခု။ တကယ့်ကို လှပချမ်းမြေ့စရာပဲ။

**elegant** [*adj*] use this about buildings, furniture, and clothes that are beautifully designed in a simple but usually expensive way: ရိုးရိုးကလေးနှင့် လှပစွာ ပုံစံထုတ်ထားသော်လည်း အစဉ်အလာအားဖြင့် ဈေးကြီးသော အဆောက်အအုံများ အိမ်ထောင် ပရိဘောဂများနှင့် အဝတ် အစားများအကြောင်းကို အထူးပြုရန်သုံးပါ။ *We first met him at an elegant hotel in the uptown district of Manhattan.*

mgyoe.com

mgyoe.com

ကျွန်ုပ်တို့သည် သူ့ကိုမင်းဟက်တန်အစွန်အဖျား ခရိုင်အတွင်းရှိ လှပခန့်ညားအဆင့်မြင့် စရိတ်ကြီးသောဟိုတယ်တစ်ခု၌ ပထမဆုံး တွေ့ဆုံခဲ့သည်။ *an elegant rosewood dining table* အလွန်လှပ အဖိုးတန်သော မာကျောသည့် သစ်နီမွှေးအစားအစာ စားပွဲတစ်လုံး *She was wearing an elegant black suit.* သူမသည် လှပအဖိုးတန်သော ဝတ်စုံနက်ကို ဝတ်ဆင်ထားခဲ့ သည်။

## 6 places/countryside/views
## နေရာများ၊ ကျေးလက်ဒေသ၊ မြင်ကွင်းများ

**beautiful** [*adj*] use this about places that everyone admires and likes to visit: လူတိုင်းအလွန်နှစ်သက်သဘောကျ၍ သွားရောက်လည်ပတ်ချင်သော နေရာဒေသများကို အထူးပြုရန် သုံးပါ။ *Florence is such a beautiful city.* ဖလောရင့်စ်မြို့သည် အလွန်လှပသော မြို့ကြီးတစ်မြို့ဖြစ်သည်။ *Cornwall has some of the most beautiful stretches of coastline in Britain.* ကွန်ဝေါလ်နယ်တွင် ဗြိတိန်နိုင်ငံ၏ အလှပဆုံးသော ပင်လယ်ကမ်းရိုးတန်း အပြန့်အပြော အသွယ်အတန်းများ ရှိသည်။ *a restaurant with beautiful views over Sorrento and the Gulf of Naples* ဆိုရန်တိုမြို့ (အီတလီနိုင်ငံမှ ပင်လယ်ကမ်းခြေအပန်းဖြေမြို့) နှင့် နေပယ်လ်ပင်လယ်ကွေ့၏ အထက်တွင် ရှုမျှော်ခင်းလှလှဖြင့် တည်ရှိသောစားသောက်ဆိုင်တစ်ဆိုင်

**lovely** [*adj*] use this about places that are beautiful in a way that makes you feel relaxed and gives you a lot of pleasure: သင့်ကို စိတ်သက်သောင့်သက်သာရှိစေသည့်အပြင် ကြည်နူးပျော်ရွှင်မှုကိုလည်း ပေးစွမ်းနိုင်အောင် တစ်နည်းတစ်လမ်းဖြင့် လှပသောနေရာအရပ်များကို အထူးပြုရန် သုံးပါ။ *The hills will be lovely at this time of year.* တောင်ကုန်းများသည် နှစ်၏ ဤအချိန်၌ လှပချစ်စရာကောင်းကြလိမ့်မည်။ *You are so lucky to live here with all this countryside around you.* ဤကျေးလက်ဒေသရှုခင်းများပတ်လည်ဝိုင်းနေသဖြင့် ဤနေရာ၌

mgyoe.com